၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No. 815, May 22, 2010

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## မီဒီယာများမှန်ကန်တဲ့ရပ်တည်ချက်ရှိဖို့ ဒေါ်အောင်ဆန်းစုကြည် ပြောဆို

**RFA၊ မေ ၁၆။** ။ မီဒီယာများအနေနဲ့ မှန်ကန်တဲ့ သတင်းအချက်အလက်ရှိရမှာဖြစ်သလို မှန်ကန်တဲ့ရပ်တည်ချက်ရှိရမယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မေလ ၁၆ ရက် ဒီကနေ့ပြောလိုက်ပါတယ်။

ရန်ကုန်မြို့ NLD ရုံးချုပ်မှာ မေလ ၁၆ ရက် ဒီကနေ့ စတင်ဖွင့်လှစ်လိုက်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သတင်းနဲ့စာနယ်ဇင်းရက်တိုသင်တန်းအမှတ်စဉ် ၁ ဖွင့်ပွဲမိန့်ခွန်းမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောလိုက်တာပါ။

"ကျွန်မကလေ သတင်းလောက က လူတွေက အမှန်တရားဖက်ကရပ်တည်ပေးရမယ်လို့ ယုံကြည်တယ်။ အမှန်တရားဖက်ကဆိုတာ ကျွန်မတို့ပြောချင်တာက တိုတိုပြောမယ်၊ ကျွန်မတို့ဖက်က ရပ်တည် ပေးစေချင်တယ်။"

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ အမြဲမှန်လို့မဟုတ်ဖူး။ ကျွန်မတို့ အမှန်တရားအတွက် လုပ်နေလို့။ ကျွန်မတို့ ယုံကြည်ချက်က ကျွန်မတို့ရဲ့လူတွေက အခြေခံအားဖြင့်ဆိုလို့ရှိရင် လူ့အခွင့်အရေးအတွက် လုပ်နေတယ်။ ဒီမိုကရေစီတန်ဖိုးထားတယ်ဆိုတဲ့အလုပ်။ လူ့အခွင့်အရေးအတွက်လုပ်တာကြောင့် အမှန်တရားအတွက်လုပ်တယ်လို့ ကျွန်မယုံကြည်တယ်။"

"ဒါကြောင့်မို့လို့ ကျွန်မကတော့ ကျွန်မတို့ကိုထောက်ခံတဲ့ စာနယ်ဇင်းလောကကပုဂ္ဂိုလ်တွေကို ကျွန်မ ကျေးဇူးလည်းတင်တယ်၊ သဘောလည်းကျတယ်။ အဲဒီတော့ ဒါပေမဲ့ ဒီလိုရပ်တည်တဲ့ နေရာမှာစောစောကပြောသလိုပေါ့၊ အချက်အလက်တွေကိုတော့ အမှားမပြောရဘူး။ ဟိုဖက်ကိုမကြိုက်လို့ ဟိုဖက်က လူတွေအကြောင်း မဟုတ်တာတွေ မပြောရဘူး။"

"ဒီဖက်ကိုကြိုက်လို့ ဒီဖက်ကလူတွေအကြောင်းလည်း မဟုတ်တဲ့ ကောင်းကြောင်းချည်းပဲ မပြောရဘူး။ အဲဒါတော့ မှန်မှန်ကန်ကန်ပြောရမယ်။ ဒါပေမဲ့ ဒါကိုအခြေခံပြီးတော့တော့ ကိုယ့်မူအရ ရပ်တည်သွားသင့်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်။"

"အဲဒါကြောင့်မို့လို့ သတင်းလောကနဲ့ပတ်သက်လို့ ရှိလို့ရှိရင် မှန်ကန်တဲ့အချက်အလက်တွေပဲဖြစ်ရမယ်။ မှန်ကန်တဲ့ရပ်တည် ချက်လည်း ရှိရမယ်။ အဲလို ကျွန်မ ယုံကြည်တယ်ဆိုတာပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။"

အဲဒီသင်တန်းကို ဝါရင့်သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်က ဦးစီးပို့ချမှာဖြစ်ပြီး၊ စာနယ်ဇင်းပညာပို့ချမဲ့ အခြားပုဂ္ဂိုလ်တွေကတော့ ကြေးမုံဦးသာဘန်း၊ စာရေးဆရာ ဦးမိုးသူ၊ သတင်းစာ ဆရာ ဦးအောင်ဝင့် ခေါ် ဦးအုန်းကြိုင်၊ ဖျာပုံနီလုံဦးနဲ့ မုံရွာအောင်ရှင် တို့က ပို့ ချမှာပါ။

ဘာသာရပ်တွေကတော့ သတင်းစာပညာမိတ်ဆက်၊ ဂျာနယ်အကြောင်း၊ အယ်ဒီတာနဲ့မဂ္ဂဇင်းလောက၊ ဘာသာပြန်ဗေဒ၊ သတင်းနဲ့ သတင်းရေးသားနည်း၊ စာပေလွတ်လပ်ခွင့်၊ စာနယ်ဇင်းကျင့်ဝတ်နဲ့ citizen journalist လို့ခေါ်တဲ့ ပြည်သူ့သတင်းသမားအကြောင်းတွေ ဖြစ်ပါတယ်။

သင်တန်းသားအဖြစ် တက်ရောက်သင်ယူခွင့်ကိုတော့ NLD လူငယ်အဖွဲ့ဝင်ထဲက တိုင်းနဲ့ပြည်နယ်အလိုက်ခေါ်ထားပြီး တိုင်းတတိုင်း၊ ပြည်နယ်တခုကို ၃ ယောက်စီနဲ့ ဌာနချုပ်ကလူငယ်တွေ တက်ခွင့်ရမယ်လို့ သိရပါတယ်။ ဒါကြောင့် အခုဖွင့်လှစ်မဲ့ သတင်းနဲ့စာနယ်ဇင်းရက်တိုသင်တန်း အမှတ်စဉ် ၁ မှာ သင်တန်းသား ၅၀ ကျော်ရှိမယ်လို့ သိရပါတယ်။

**အမေရိကန်သံတမန်နှင့် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့အရေးဆွေးနွေး** စာမျက်နှာ ၃
**နိုင်ငံရေးအကျဉ်းသားတွေကို မလွတ်ပေးချင်လို့ ဆင်မြေအမျိုးမျိုး ပေးပြနေတာဖြစ်** စာမျက်နှာ ၆
**ရန်ကုန် အင်တာနက်လုပ်ငန်းများ စည်းကမ်းများ ပိုမိုတင်းကျပ်စွာထုတ်ပြန်** စာမျက်နှာ ၁၁
**ရန်ကုန်အင်းစိန်ထောင်တွင်း အစာငတ်ခံဆန္ဒပြမဖြစ်** စာမျက်နှာ ၁၃
**ကြပ်ပြေးနေပြည်တော် အနီး ဗုံးကွဲ အနည်းဆုံးလူ ၂ ဦးသေး** စာမျက်နှာ ၁၆
**ပြန်လွတ်လာနိုင်ငံရေးအကျဉ်းသားများကိစ္စ အဖွဲ့ ချုပ်ကူညီဆောင်** စာမျက်နှာ ၁၉

# အစိုးရသစ် တိုင်းဒေသကြီးဝန်ကြီးတချို့နဲ့ စစ်ဘက်ဆိုင်ရာ တိုင်းမှူးများကြား သဘောထားတင်းမာမှုများဖြစ်နေ

**Irrawaddy | ၄မေ ၂၀ ||** || အစိုးရသစ်၏ တိုင်းဒေသကြီးဝန်ကြီးချုပ်တချို့နှင့် စစ်ဘက်ဆိုင်ရာတိုင်းမှူးများအကြား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ သဘောထားတင်းမာမှုများဖြစ်ပေါ်နေသည်ဟု ဧရာဝတီမှစုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်လကုန်ပိုင်းက အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ခွင့်ပြုချက်ဖြင့် စစ်ကိုင်းတိုင်းအတွင်း ရွှေတူးဖော်နေသည့်လုပ်ငန်းရှင်များကို စစ်ကိုင်းတိုင်းဝန်ကြီးချုပ် ဦးသာအေးကခေါ်ယူပြီး ဥပဒေနှင့်မညီညွတ်ဟုအကြောင်းပြကာ သတိပေးပြောဆိုခဲ့သည့်အတွက် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့်ဝန်ကြီးချုပ်အကြား မပြေမလည်ဖြစ်ခဲ့ရသည်ဟု မုံရွာမြို့ရှိ ရွှေတူးဖော်ရေးလုပ်ငန်းရှင်တဦးကပြောသည်။

"အစည်းအဝေးမှာ သတ္တုတွင်းဝန်ကြီးဌာနက လုပ်ကိုင်ခွင့်ချပေးတဲ့သူတွေကို အပြစ်မပြောဘူး၊ တိုင်းမှူးအမိန့်နဲ့တူးတဲ့သူတွေကို ဦးသာအေးက အပြစ်ရှာကြံပြောပြီး နိပ်ကွပ်တာကို တိုင်းမှူးက မကြိုက်တာ" ဟု ၎င်းကဆိုသည်။တိုင်းဝန်ကြီးချုပ်ဦးသာအေးအနေဖြင့် စစ်ကိုင်းတိုင်းအတွင်း စီးပွားရေးလုပ်ငန်းများလုပ်ပိုင်ခွင့်နှင့်ပတ်သက်ပြီးစစ်ဘက်ဆိုင်ရာမှ ဝင်ရောက်စွက်ဖက်လာမည်ကိုလိုလားပုံမရကြောင်းအဆို ပါ စီးပွားရေး လုပ်ငန်းရှင်ကပြောသည်။

စစ်ကိုင်းတိုင်းအတွင်း ဖန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ခန္တီးစသည့်မြို့နယ်များနှင့် ချင်းတွင်းမြစ်ရိုးတလျှောက်တွင် တိုင်းမှူးခွင့်ပြုချက်ဖြင့်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနခွင့်ပြုချက်ဖြင့်လည်းကောင်း ရွှေတူးဖော်နေကြခြင်းဖြစ်ပြီး ဦးတေဇပိုင် ထူးကုမ္ပဏီ၊ ရုပ် ရှင်သရုပ်ဆောင်လွင်မိုး စသည့်လုပ်ငန်းရှင်များလည်း ဝင်ရောက်လုပ်ကိုင်လျှက်ရှိသည်။

ယခုအခါ မုံရွာမြို့စက်မှုဇုန်နှင့်ကုန်စည်ဒိုင်ရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် တိုင်းမှူးအပါအဝင် စစ်ဘက်ဆိုင်ရာအရာရှိကြီးများကို ငွေကြေးအကုန်အကျခံကာ ဂေါက်သီးကစားခြင်း ပေါင်း သင်းဆက်ဆံခြင်းများမပြုလုပ်တော့ဘဲ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်သာ ပေါင်းသင်းဆက်ဆံမှုများပြုလုပ်တော့သည်ကိုတွေ့ရကြောင်း မုံရွာမြို့ရှိ ရွှေတူးဖော်ရေးလုပ်ငန်းရှင်က ဆက်ပြောပြသည်။

ပြီးခဲ့သည့်ရက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်၏အမိန့်ဖြင့် လိုင်စင်မဲ့ကားများကိုဖမ်းဆီးခဲ့ရာအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဆက်နွယ်နေသည့်စီးပွားရေးလုပ်ငန်းရှင်များ၏ကားများလည်း ပါဝင်နေသည့်အတွက် ဗိုလ်မှူးချုပ်ရဲအောင်က ကန့်ကွက်ပြောဆိုမှုပြုလုပ်ခဲ့သည်ဟု မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်တဦးကပြောသည်။

"တိုင်းမှူးက နောင် ကားဖမ်းမယ်ဆိုရင် သူ့ကိုလည်းကြိုပြောသင့်တယ်ပြောတော့ ဝန်ကြီးချုပ်ဦးရဲမြင့်က ဘာကိစ္စမင်းကိုပြောဖို့ လိုသလဲဆိုပြီးမာန်မဲတယ်"ဟု ၎င်းကဆိုသည်။

မန္တလေးတိုင်း တိုင်းဒေသ ဝန်ကြီးချုပ်ဦးရဲမြင့်၊ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ဦးသာအေး၊ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယခင်က တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီးများ အဆင့်ဖြင့် စစ်ဆင်ရေးအထူးအဖွဲ့ မှူး (ကစထ) တာဝန်များကို ယူခဲ့ဖူးသူများဖြစ်သည်။

စစ်အစိုးရလက်ထက်က ဒေသဆိုင်ရာ စစ်ဘက်အရာရှိကြီးများအနေဖြင့် ဒေသတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည့်လုပ်ငန်းများကို ၎င်းတို့စိတ်ကြိုက် စီမံခန့်ခွဲနိုင်သော်လည်း ယခုအခါ ၎င်းတို့၏အခန်းကဏ္ဍများလျော့ကျလာကြောင်း၊ နောင်တွင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် စစ်ဘက်ဆိုင်ရာအရာရှိကြီးများအကြား အကျိုးစီးပွားနှင့်ပတ်သက်ပြီး ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာလိမ့်မည်ဟုထင်မြင်ကြောင်း အဆိုပါ မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်က ပြောဆိုသည်။

---

## ဗြိတိန် ဘရိုက်တန်မှ မြန်မာ့အရေးစကားရည်လုပွဲ

**RFA | ၄မေ ၁၈ ||** || ဗြိတိန်နိုင်ငံ ဘရိုက်တန်မြို့က အနုပညာပွဲတော်မှာ မြန်မာ့နိုင်ငံရေးနဲ့ပတ်သက်ပြီး စကားရည်လုပွဲတခုကို Burma Campaign UK က မေလ ၁၇ ရက် မနေ့ကစီစဉ်ကျင်းပခဲ့ပါတယ်။

ဒီစကားရည်လုပွဲမှာ မြန်မာ့နိုင်ငံရေး လက်ရှိ အခြေအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍတွေကို ဆွေးနွေးကြတဲ့အကြောင်း ဒီပွဲမှာ ပါဝင်ဆွေးနွေးခဲ့တဲ့ Burma Campaign UK ရဲ့ ပြောရေးဆိုခွင့်ရှိသူ မဇိုယာဖန်းက ပြောပါတယ်။

"အခုပွဲကတော့ စကားရည်လုပွဲဖြစ်သော်လည်းပဲ အဓိကအားဖြင့် မြန်မာပြည်ရဲ့အခြေအနေက ဒီ စီးပွားရေးဖြစ်ဖြစ် နိုင်ငံရေးပဲဖြစ်ဖြစ် လူ့အခွင့်အရေးမှာပဲဖြစ်ဖြစ်ပေ့ါနော်၊ ပြောင်းလဲမှုတွေမရှိသေးဘူး။ ပြီးတော့ တက်လာတဲ့အစိုးရသစ်လည်း သူတို့ပြောင်းလဲဖို့ ဆန္ဒမရှိဘူး။ အဲဒါကြောင့် နိုင်ငံတကာဖိအားပေးမှုတွေက ပိုပြီးတော့ လိုအပ်နေသေးတဲ့အကြောင်း အဓိကဆွေးနွေးတာဖြစ်ပါတယ်။"

ဒီဆွေးနွေးရာမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဘဝအကြောင်း ရေးသားထားတဲ့ The Lady and The Peacock စာအုပ်ရေးသားသူ အလွတ်သတင်းထောက် Peter Popham၊ BBC သတင်းထောက် Sue Lloyd-Roberts၊ ဗြိတိသျှသံအမတ်ဟောင်း Robert Gordon၊ Burma Campaign UK ရဲ့ဒါရိုက်တာ Mark Farmaner နဲ့ မဇိုယာဖန်းတို့ အဓိကပါဝင်ဆွေးနွေးကြပါတယ်။

## မြန်မာအပေါ် ပိတ်ဆို့အရေးယူမှု သက်တမ်းထပ်တိုး

**RFA | ၄မေ ၁၇ ||** || အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုချမှတ်ထားတာကို နောက်ထပ် တနှစ် သက်တမ်းတိုးမြှင့်လိုက်ကြောင်း အမေရိကန်သမတ အိုဘားမားက မေလ ၁၆ ရက် မနေ့က တရားဝင်ထုတ်ပြန်လိုက်ပါတယ်။

မြန်မာအစိုးရရဲ့မူဝါဒနဲ့လုပ်ဆောင်ချက်တွေဟာ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေဆဲဖြစ်တဲ့အတွက် ပိတ်ဆို့အရေးယူမှုကို ဆက်လက်ထားရှိမှာဖြစ်ကြောင်း၊ အမေရိကန်အောက်လွှတ်တော်ကိုပေးပို့တဲ့ သမတရဲ့အမိန့်စာမှာဖော်ပြထားပါတယ်။

အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ စီးပွားရေး ပိတ်ဆို့မှုကို တနှစ်တကြိမ် သက်တမ်းတိုးမြှင့်ခဲ့ရာမှာ လာမယ့် မေလ ၂၀ ရက်နေ့ တနှစ်သက်တမ်းကုန်ဆုံးခါနီးအချိန်မှာ သမတ အိုဘား မားက အခုလို နောက်ထပ်တနှစ် တိုးမြှင့်လိုက်တာပါ။

အမေရိကန်အစိုးရဟာ ၂၀၀၉ ခုနှစ်မှာ မြန်မာစစ်အစိုးရနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံတဲ့နည်းလမ်းကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ဒါပေမယ့် စစ်အစိုးရနဲ့ဆွေးနွေးပွဲရလဒ်တွေနဲ့ပတ်သက်ပြီး စိတ်ပျက်လက်ပျက်ဖြစ်ရကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မြန်မာအပေါ် စီးပွားရေးပိတ်ဆို့မှုတွေရုပ်သိမ်းပေးဖို့ အာရှနိုင်ငံတချို့ရဲ့ တောင်းဆိုချက်ကိုလည်း အမေရိကန်အစိုးရကပယ်ချခဲ့ပါတယ်။

# အမေရိကန် သံတမန်နှင့် ဒေါ်အောင်ဆန်းစုကြည် မြန်မာ့အရေးဆွေးနွေး

**VOA ၊ မေ ၁၉ ။** ။ မြန်မာနိုင်ငံက နိုင်ငံရေး အကျဉ်းသားတွေကို လွှတ်ပေးဖို့နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမေရိကန် နိုင်ငံက ဆက်လက်ကြိုးပမ်းသွားမယ်လို့ မြန်မာနိုင်ငံကို ၄ ရက်ကြာ ခရီးစဉ်နဲ့ရောက်နေတဲ့ အမေရိကန် ဒု-လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး Mr.Joseph Yun) က ပြောပါတယ်။ မစ္စတာယွန်းဟာ ဒီနေ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေး နွေးခဲ့သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဗဟိုကော် မတီဝင်တွေအပြင် CRPP ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ နဲ့ပါ တွေ့ဆုံပြီး မြန်မာ့အရေးကို ဆွေးနွေးခဲ့ကြပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

အမေရိကန် အထူးကိုယ်စားလှယ် ဂျိုးဇက် ယွန်းဟာ ဗုဒ္ဓဟူးနေ့က နေပြည်တော်မှာ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် အပါအဝင် မြန်မာအစိုးရသစ် တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူ ဒဏ်ခတ်မှုကို မကြာခင်ကမှ သက်တမ်းတနစ် ထပ်ပြီး တိုးလိုက်တဲ့ အမေရိကန် အစိုးရက ထိတွေ့ဆက်ဆံရေး အတွက်ပါ တဘက်က ကျင့်သုံးနေတဲ့ မူဝါဒအရ မြန်မာအစိုးရသစ်အဖွဲ့ တက်လာခဲ့ပြီး ပထမဆုံး ထိပ်တန်း ကိုယ်စားလှယ် အဖြစ်နဲ့ မစ္စတာယွန်းကို စေလွှတ်ခဲ့တာ ဖြစ်ပါတယ်။

အခု သူ့ရဲ့ လာရောက်မှုဟာ ၂ နိုင်ငံအကြား ပိုမိုနားလည်သ ဘောပေါက်စေဖို့အတွက် အထောက်အကူဖြစ်ဖို့ မျှော်လင့်ထား တယ် လို့ မစ္စတာယွန်းက ပြောပါတယ်။

"နေပြည်တော်မှာ မြန်မာ နိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့သလို လွှတ်တော်ဒုတိယဥက္ကဋ္ဌနဲ့ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီက ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဒီလို တွေ့ဆုံတဲ့အခါ အမေရိကန် အစိုး ရနဲ့ မြန်မာအစိုးရအကြား ဘုံသဘောတူညီမှုတွေ ရဖို့အတွက်ဆွေးနွေး ခဲ့တာပါ။ ကျနော်တို့ အမေရိကန် အစိုးရ အနေနဲ့ မြန်မာနိုင်ငံ အပေါ်မှာ ထိတွေ့ဆက်ဆံရေး မူဝါဒချထားတာမို့ အခု ကျနော့်ရဲ့ခရီးစဉ်ကနေ အထောက်အကူတွေ ရမယ်လို့ မျှော်လင့်ထားပါတယ်။"

မစ္စတာယွန်းဟာ ကြာသပတေးနေ့မှာတော့ ဒေါ်အောင်ဆန်းစု ကြည်နဲ့တကွ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဗဟိုကော်မတီဝင် တွေနဲ့ တွေ့ဆုံခဲ့သလို CRPP အဖွဲ့နဲ့လည်း တွေ့ဆုံခဲ့တယ်လို့ NLD ပြောခွင့်ရ ဦးအုန်းကြိုင်က ပြောပါတယ်။

"အခုညနေ ၄ နာရီကနေ ၅ နာရီ ကျော်ကျော်အထိ အထွေထွေ အတွင်းရေးမှူးနဲ့ အမေရိကန် ကိုယ်စားလှယ်အဖွဲ့နဲ့ တွေ့ဆုံပါတယ်။ အဲဒီလို တွေ့ဆုံတဲ့အချိန်မှာ ကျနော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဘက်က ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဉာဏ်ဝင်းနဲ့ဦးဟံသာ မြင့်တို့ အထွေထွေအတွင်းရေးမှူးနဲ့ အတူတူရှိကြပါတယ်။ အဲဒီဆွေး နွေးပွဲအပြီးမှာ တဆက်တည်းပဲ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ CRPP အဖွဲ့ဝင်များနဲ့ ဆက်ပြီးတော့ တွေ့ပါတယ်။

"အဲဒီတွေ့ဆုံမှုမှာတော့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဘက်က ဒုတိယဥက္ကဋ္ဌဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာဦးဝင်း တင်၊ ဦးသန်းထွန်း၊ ဦးဉာဏ်ဝင်း၊ ကျနော်၊ နောက် ဦးဟံသာမြင့်၊ ဦးဝင်း မြင့်၊ ဒေါ်မေဝင်းမြင့်၊ CRPP အဖွဲ့ဝင်တွေကတော့ ဦးအေးသာအောင်နဲ့ ဦးပုကျင့်ရှင်းထန်၊ ဦးစိုးဝင်း၊ အဲဒီမှာ ဆက်လက်ပြီး ဆွေးနွေးပါတယ်။

"အစိုးရသစ် ဖြစ်ပေါ်လာပြီးတဲ့နောက် ကျနော်တို့ ဒီဘက်က အ မြင်ပေါ့ဗျာ၊ နောက် မြန်မာ့ဒီမိုကရေစီ ပြောင်းလဲရေးအတွက် အဖွဲ့ချုပ် ဘက်က ဆက်လက်ဆောင်ရွက်နေတဲ့ အခြေအနေတွေကို ဒီဘက်က တင်ပြပါတယ်။ ပြီးတော့ အပြန်အလှန်ဆွေးနွေးကြပါတယ်ခင်ဗျ။ ဆွေး နွေးပွဲက ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေး နိုင်တယ်လို့ ကျနော် ပြောချင်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည် အပါအဝင် CRPP အဖွဲ့နဲ့တွေ့ဆုံတဲ့ အခါမှာတော့ မြန်မာနိုင်ငံအကျဉ်းထောင်တွေထဲက နိုင်ငံရေးအကျဉ်း သားတွေ ပြန်ပြီး လွှတ်မြောက်ဖို့အပြင် အမျိုးသားပြန်လည်သင့်မြတ် ရေးအတွက် အမေရိကန်နိုင်ငံက ဆက်ပြီးကြိုးပမ်းသွားဖို့ ရှိကြောင်း မစ္စတာယွန်းက ပြောခဲ့တယ်လို့ CRPP အဖွဲ့က ဦးအေးသာအောင်က ပြောပါတယ်။

"အဓိကကတော့ လက်ရှိနိုင်ငံရေးအခြေအနေမှာ၊ တနည်းအား ဖြင့် ပြောမယ်ဆိုရင် လွှတ်တော်အတွင်းက အခြေအနေ၊ ပြီးတော့NLD အပါအဝင်အန်ကယ်တို့လိုတိုင်းရင်းသားပါတီများရဲ့လွှတ်တော်အပမှာ လုပ်ဆောင်နေတဲ့ နိုင်ငံရေး အခြေအနေတွေကို ဆွေးနွေးဖြစ်ပါတယ်။ ကျနော်တို့နဲ့ ရွေးကောက်ပွဲမတိုင်ခင်ကလည်း တကြိမ်တွေ့ခဲ့တယ် ပေါ့။ အခုလည်း တွေ့တဲ့အခါမှာ ရှေ့ဆက်ပြီးတော့သူတို့ အနေနဲ့အ ကျဉ်းသားတွေ အားလုံးလွှတ်ပေးဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ ပြန်ရဖို့အတွက် ဆက်လက်ပြီးတော့ ကြိုးပမ်းသွားမယ်ဆိုတဲ့ အ ကြောင်း ပြောပါတယ်။"

အမျိုးသား ပြန်လည်သင့်မြတ်ရေးဟာ မြန်မာနိုင်ငံအတွက်သိပ် ကို အရေးပါသလို နိုင်ငံရေး အကျဉ်းသားတွေကို ပြန်ပြီးလွှတ်ပေးဖို့က လည်းအရေးကြီးတယ်လို့မစ္စတာယွန်းနဲ့တွေ့ဆုံအပြီးဒေါ်အောင်ဆန်း စုကြည်က သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

"နိုင်ငံရေး အကျဉ်းသားတွေကို မလွှတ်ဘဲ ထားမယ်ဆိုရင် အခု အစိုးရသစ်က တကယ်ပဲ ဒီမိုကရေစီအတွက် ဦးတည်နေပါတယ်ဆိုတဲ့ ပြောဆိုချက်တွေကို မေးခွန်းထုတ်ရတော့မှာပေါ့။"

မစ္စတာယွန်းဟာ သောကြာနေ့မှာ ပါတီ ၃ ရပ်က လွှတ်တော် ကိုယ်စားလှယ် ၃ ဦးနဲ့လည်း တွေ့ဆုံဖို့ ရှိပါတယ်။

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ဥက္ကဋ္ဌရာထူးအတွက် မြန်မာနိုင်ငံကို အာဆီယံ စောင့်ကြည့်မည်ဟုဆို

**VOA ၊ မေ ၁၉ ။** ။ မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်ကျရင် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးမယ်၊ မပေးဘူးဆိုတာကိုမြန်မာနိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေး အလားအလာကိုကြည့်ပြီးမှ ဆုံးဖြတ်မယ်လို့ အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan က ပြောကြားလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော်က Woodrow Wilson Center မှာ ပြုလုပ်ခဲ့တဲ့ ဒီမိုကရေစီနိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုဆိုတဲ့ ခေါင်းစဉ်နဲ့ ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲအတွင်းမှာ Dr.Surin Pitsuwan က အခုလို ပြောကြားသွားခဲ့တာ ဖြစ်ပါတယ်။ သူ ပြောကြားသွားတာတွေနဲ့ပတ်သက်ပြီး သိရှိရအောင် ဒီအခမ်းအနားကို ကိုယ်တိုင် သွားရောက်သတင်းယူခဲ့တဲ့ ဗွီအိုအေဝိုင်းတော်သား ကိုကျော်ကျော်သိန်းကို ဆက်သွယ်မေးမြန်းပြီး တင်ပြပေးထားပါတယ်။

အာဆီယံ အတွင်းရေးမှူးချုပ်က ပြောတဲ့ပုံအရဆိုရင် မြန်မာနိုင်ငံကို အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ပေးမယ်၊ မပေးဘူးဆိုတာကို သူတို့ စောင့်ကြည့်ကြဦးမယ် ဆိုတဲ့သဘောပေ့ါ။

"ဟုတ်ပါတယ်ခင်ဗျ၊ အာဆီယံ အတွင်းရေးမှူးချုပ် Dr.Surin Pitsuwan က ဒီနေ့အခမ်းအနားမှာ ပြောသွားတာကတော့ အာဆီယံ ခေါင်းဆောင်တွေအနေနဲ့ မြန်မာနိုင်ငံကို အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ပေးဖို့၊ မပေးဖို့ဆိုတဲ့နေရာမှာ သူတို့အနေနဲ့ ပိုပြီးတော့ စိတ်ချယုံကြည်ရတဲ့၊ ခိုင်မာတဲ့အခြေအနေတရပ်အထိ စောင့်ကြည့်ချင်သေးတယ်။ အဲဒီအချိန်အထိ၊ အဲဒီလို စိတ်ချခိုင်မာ ယုံကြည်ရတဲ့ အခြေအနေမျိုးရောက်တဲ့အထိ ရွှေ့ဆိုင်းထားမယ်ဆိုတဲ့ပုံစံမျိုး သူက ပြောသွား ပါတယ်။

"ဘာကြောင့်လဲဆိုတော့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးဆိုတာက ဘယ်နှစ် ဘယ်နှစ်မှာ ဘယ်လို ထမ်းဆောင်ရမယ်ဆိုပြီးတော့ သူ့အလိုအလျောက် ဖြစ်လာတာမဟုတ်ဘူး၊ ဒါကြောင့် မြန်မာနိုင်ငံကို အလှည့်ကျဥက္ကဋ္ဌရာထူး ပေးဖို့အတွက်ဆိုရင် အာဆီယံ ခေါင်းဆောင်တွေအနေနဲ့ ပိုပြီးတော့ စိတ်ချ ယုံကြည်ရတဲ့ အခြေအနေမျိုးအထိ စောင့်ကြည့်ချင်သေးတယ်၊ အဲဒီအချိန် ရောက်တဲ့အထိ ရွှေ့ဆိုင်းထားချင်သေးတယ်လို့ အတွင်းရေးမှူးချုပ်က ပြောသွားပါတယ်။"

အဲဒီလို အခြေအနေ ရောက်တယ်၊ မရောက်ဘူး၊ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်တယ်၊ မရောက်ဘူး ဆိုတာကရော သူတို့က ဘယ်လို အတိုင်းအတာနဲ့ သတ်မှတ်မှာလဲခင်ဗျ။

"ဒီနေရာမှာအာဆီယံခေါင်းဆောင်တွေအနေနဲ့မြန်မာအစိုးရက ဘာတွေလုပ်တာကို မြင်ချင်တာလဲ ဆိုတဲ့အပေါ်မှာတော့ သူက အာဆီယံခေါင်းဆောင်တွေက တခြား မြန်မာလူထု လိုချင်တဲ့အတိုင်းပဲ မြန်မာနိုင်ငံမှာ တည်ငြိမ်မှုရှိတာကို မြင်ချင်တယ်၊စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်တာကို မြင်ချင်တယ်၊ မြန်မာအစိုးရက နဂိုကြေညာထားခဲ့တဲ့အတိုင်း၊ ဒီမိုကရေစီ လမ်းကြောင်းကိုလျှောက်လှမ်းမယ်ဆိုတဲ့အတိုင်း နိုင်ငံမှာ အဲဒီလမ်းကြောင်းအတိုင်း လျှောက်လှမ်းနေတယ်ဆိုတာကို မြင်ချင်တယ်၊ တနည်းအားဖြင့် သူက ပိုပြီးတော့ တည်ငြိမ်တဲ့အခြေအနေ၊ ပြည်သူလူထုအတွက်ပိုပြီး ပွင့်လင်းမြင်သာမှုရှိတဲ့အခြေအနေကို မြင်ချင်တယ်လို့ Dr.Surin Pitsuwan က ပြောပါတယ်။"

နောက်တခုက သူတို့ မြန်မာနိုင်ငံကို ဥက္ကဋ္ဌအဖြစ် အလှည့်ပေးဖို့ ဘယ်တော့လောက် ဆုံးဖြတ်ကြမှာလဲခင်ဗျ။

"အတိအကျ ဘယ်တော့ဆုံးဖြတ်မယ် ဆိုတာကိုတော့ Dr.Surin Pitsuwan က ပြောမသွားပါဘူး။ ဒါပေမဲ့ လာမယ့် နိုဝင်ဘာလကျရင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာအရှေ့တောင်အာရှနိုင်ငံခေါင်းဆောင်တွေရဲ့ အာဆီယံထိပ်သီး အစည်းအဝေး ရှိပါတယ်။ အဲဒီအစည်းအဝေး မတိုင်ခင်မှာ လက်ရှိ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူထားတဲ့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Mr.MartyNatalegawa မြန်မာနိုင်ငံကို သွားပါလိမ့်မယ်။

"သွားပြီးရင် သူက မြန်မာနိုင်ငံမှာ အခြေအနေတွေ ဘယ်လိုရှိနေသလဲ၊ ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေးက အစိုးရပြောထားတဲ့အတိုင်းရှိနေသလား၊ တိုင်းပြည်ရဲ့အခြေအနေအရပ်ရပ် ဘယ်လိုဖြစ်နေတယ် ဆိုတာကို သူက သွားရောက် တွေ့ဆုံ ဆွေးနွေးပြီးသတင်းအချက်အလက်တွေ စုဆောင်းယူလာပါလိမ့်မယ်။ အဲဒီ သတင်းအချက်အလက်တွေကို အာဆီယံ ထိပ်သီးအစည်းအဝေးမှာ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အာဆီယံခေါင်းဆောင်တွေကို အစီရင်ခံပါမယ်။

"အဲဒီနေရာမှာ အာဆီယံခေါင်းဆောင်တွေက သူတို့ရရှိထားတဲ့ အချက်အလက်တွေပေါ်မှာ မူတည်ပြီးတော့ ဒီကိစ္စကို စဉ်းစားဆွေးနွေးကြဖို့တော့ ရှိပါတယ်။ သို့သော် အဲဒီ ဘာလီကျွန်း ထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံအာဆီယံအလှည့်ကျဥက္ကဋ္ဌ၏တာဝန်ယူရေး တကယ်ဆုံးဖြတ်မယ်၊ မဆုံးဖြတ်ဘူးဆိုတာကိုတော့အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan က အတိအကျပြော မသွားပါဘူးခင်ဗျ။"

---

## အစိုးရသစ်စိတ်ကြိုက်ရေးဆွဲတဲ့အလုပ်သမားဥပဒေကို ဝိုင်းဝန်းကန့်ကွက်ကြဖို့ တောင်းဆိုတိုက်တွန်း

**RFA ၊ မေ ၁၈ ။** ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ် ILO ရဲ့ အကြိမ် ၁၀၀ မြောက်ညီလာခံမှာ မြန်မာအစိုးရသစ်က သူတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ အလုပ်သမားအဖွဲ့အစည်းဆိုင်ရာအတုအယောင်ဥပဒေတရပ်တင်ပြဖို့ စီစဉ်ပြင်ဆင်နေတဲ့အတွက် နိုင်ငံတကာအစိုးရတွေနဲ့ အလုပ်သမားအဖွဲ့တွေက ကန့်ကွက်ကြဖို့ ထိုင်းနိုင်ငံအခြေစိုက် FTUB မြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ်က မေလ ၁၈ ရက် ဒီကနေ့ ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်ပါတယ်။

လာမယ့် ဇွန်လ ၁ ရက်နေ့ အိုင်အယ်လ်အိုညီလာခံမှာ တင်ပြမယ့် မြန်မာအစိုးရရဲ့ဥပဒေဟာ အိုင်အယ်လ်အိုပြဋ္ဌာန်းချက် ၈၇ ဖြစ်တဲ့ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်ကို ချိုးဖောက်တဲ့ ဥပဒေတရပ်သာဖြစ်လာလိမ့်မယ်လို့ FTUB ရဲ့ လက်ထောက်အတွင်းရေးမှူး ဒေါက်တာ ဇော်ဝင်းအောင်က RFA ကို ပြောပါတယ်။

"ILO အနေနဲ့ အဓိကချမှတ်ထားတဲ့ ပြဋ္ဌာန်းချက်တွေထဲက တခုဖြစ်တဲ့ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်ပေ့ါ။ အလုပ်သမားတွေအနေနဲ့ လယ်သမားတွေအနေနဲ့ သူတို့ဘဝတွေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုရင် သူတို့ကိုယ်တိုင်ကာကွယ်ဖို့ လွတ်လွတ်

**စာမျက်နှာ ၅ သို့**

# မြဝတီမြို့ စာတိုက်ကြေးနန်းရုံးဝင်းအတွင်း ဗုံးပေါက်ကွဲ

**RFA ၊ မေ ၁၉ ။** ။ ထိုင်း-မြန်မာနယ်စပ် မြန်မာဖက်ခြမ်း မြဝတီမြို့က စာတိုက်နဲ့ကြေးနန်းဆက်သွယ်ရေးရုံးဝင်းအတွင်းမှာ မေလ ၁၉ ရက်နေ့ မနက် ၈ နာရီခွဲလောက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့တယ်လို့ RFA က စုံစမ်းသိရှိရပါတယ်။

မြဝတီမြို့က ဆက်သွယ်ရေးရုံးအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့တာနဲ့ပတ်သက်လို့ မြဝတီဒေသခံက RFA ကို ခုလိုပြောပါတယ်။

"ရဲစခန်းနားက ဆက်သွယ်ရေးရုံး၊ ကြေးနန်းဆက်သွယ်ရေးရုံးမှာပါ။ ဗုံးပေါက်တယ်၊ ဟုတ်ကဲ့ မနက်က ဟုတ်ကဲ့ အထိခိုက်မရှိပါဘူး ဒီနေ့က မိုးကလည်းနည်းနည်းရွာတော့လေ။ လူတွေ သိပ်အပြင်မထွက်ကြဘူး။"

မြဝတီမြို့က ဆက်သွယ်ရေးရုံးမှာဗုံးပေါက်ကွဲတယ်လို့ လူအများပြောဆိုနေကြပေမဲ့ တကယ်တော့ မိုင်းကွဲတာသာဖြစ်တယ်လို့ ပေါက်ကွဲစေတတ်တဲ့လက်နက်တွေအကြောင်း နားလည်သူ မြဝတီမြို့ခံက အခုလိုပြောပါတယ်။

"မြဝတီမြို့ထဲ အဲဒီ ဆက်သွယ်ရေးကြေးနန်းရုံးပဲ မိုင်းပဲ ပေါက်ကွဲတာ။ ဗုံးကျတော့ အဆောက်အအုံကြီးကို ပစ်ဖို့မလွယ်ဘူးလေ။ ဗုံးကလည်း အသံက အဲဒီလောက်မကျယ်ဘူးလေ။"

ဒီပေါက်ကွဲမှုကြောင့် လူထိခိုက်တာမျိုးမရှိပဲ ဆက်သွယ်ရေးရုံးအဆောက်အအုံတော့ နည်းနည်းပါးပါး ထိခိုက်ပျက်စီးတယ်လို့ ဒေသခံတွေကပြောပါတယ်။ သမ္မတဦးသိန်းစိန်ရဲ့ အရပ်သားအစိုးရ လက်ထက်မှာ မြဝတီမြို့တွင်း ဒီပေါက်ကွဲမှုဟာ ပထမဆုံးအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့တာပါ။ ပေါက်ကွဲမှုနဲ့ပတ်သက်လို့ အသေးစိတ်သိရှိနိုင်ဖို့ မြဝတီခရိုင် ရဲတပ်ဖွဲ့မှူးရုံးကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါ တာဝန်ကျ ရဲဝန်ထမ်းက အခုလိုပြောပါတယ်။

**ရဲ ။** ။ "ဟုတ်ကဲ့ အမိန့်ရှိပါ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးကပါ"

RFA ။ ။ "ဟုတ်ကဲ့ အစ်ကိုရေ ဒီလိုပါ၊ မြဝတီမြို့မှာ မနက်က ဗုံးပေါက်ကွဲတယ်လို့ကြားလို့ပါ။ အဲဒါ ဘယ်လိုအခြေအနေရှိပါသလဲခင်ဗျ။"

**ရဲ ။** ။ "လူထိခိုက်မှုတော့ မရှိဘူးခင်ဗျ။"

တာဝန်ကျရဲဝန်ထမ်းက လူထိခိုက်မှုမရှိကြောင်းသာပြောကြားပြီး ဖုန်းချသွားခဲ့တာဖြစ်ပါတယ်။

မြဝတီမြို့ပေါ်က ဆက်သွယ်ရေးရုံးတွင်း ဒီကနေ့မနက်ပိုင်းမှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့လို့ မြို့တွင်း လူအသွားအလာတွေ ခဏ ရပ်ဆိုင်းသွားခဲ့ပေမဲ့နေ့လယ်ပိုင်းမှာတော့ပုံမှန်သွားလာရောင်းဝယ်နေကြတယ်လို့ မြဝတီမြို့ခံတွေကပြောပါတယ်။

မြဝတီမြို့ဟာ စစ်အစိုးရရဲ့ ရွေးကောက်ပွဲကျင်းပခဲ့တဲ့ နိုဝင်ဘာလ ၇ ရက်နေ့ကစတင်ပြီး ဗိုလ်မှူးစောလားပွယ် ဦးဆောင်တဲ့ ဒီကေဘီအေ ခွဲထွက်အဖွဲ့တွေက လက်နက်ကိုင် ပြန်လည်တိုက်ခိုက်ခဲ့လို့ မြဝတီမြို့တွင်း တိုက်ပွဲတွေဖြစ်ပွားခဲ့ပါတယ်။

ဗုံးပေါက်ကွဲမှုတွေဟာလည်း မကြာခဏဆိုသလို ဖြစ်ပွားခဲ့ပါတယ်။ ဒီနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့က ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအနီး မြဝတီမြို့ဖက်ခြမ်းမှာ မိုင်းပေါက်ကွဲခဲ့လို့ လူ ၂ ဦးသေဆုံးခဲ့ပြီး ၃ ဦး ထိခိုက်ဒဏ်ရာရခဲ့သလို မတ်လ ၅ ရက်နေ့ကလည်း မြဝတီမြို့ပေါ် လျှပ်စစ်မီးရုံးဝင်းအတွင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါသေးတယ်။

**စာမျက်နှာ ၄ မှ**

လပ်လပ် အသင်းအပင်းဖွဲ့စည်းခွင့်ရှိဖို့လိုပါတယ်။ ဒါကို ILO ကလည်း အပြည့်အဝ အသိအမှတ်ပြုထားပြီးသားပါ။

ဒီ ပြဋ္ဌာန်းချက် အမှတ် ၈၇ ကို ဗမာနိုင်ငံအစိုးရ လက်တွေ့အကောင်အထည်ဖော်မှုမရှိသေးတဲ့အချက် အဲဒါကိုလည်း ကျွန်တော်တို့ကတင်ပြသွားဖို့ရှိပါတယ်။ အဲဒါအပြင်ကို သူတို့အနေနဲ့ပေါ့နော်၊ ILO ရဲ့ပူးပေါင်းကူညီမှုနဲ့အတူ အလုပ်သမားဥပဒေအသစ်တွေပြဋ္ဌာန်း မယ် အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်တွေကာကွယ်တဲ့ အလုပ်သမား ဥပဒေသစ်တွေပြဋ္ဌာန်းမယ်ဆိုပြီး သူတို့ပြောလာပါတယ်။ တကဲ့တကယ်ကျတော့ ILO နဲ့ ညှိနှိုင်းတိုင်ပင်မှုမရှိသလောက်ပဲလို့ ကျွန်တော်တို့ သိရပါတယ်။ "

မြန်မာနိုင်ငံမှာ အလုပ်သမားအဖွဲ့အစည်းတွေ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေတရပ်ပြဋ္ဌာန်းဖို့ရှိတယ်လို့ ပြောနေကြပေမဲ့ အိုင်အယ်လ်အိုအနေနဲ့ ဘာမှမသိရှိတာတွေရကြောင်း၊ ဒါ့အပြင် အလုပ်သမား လယ်သမားအခွင့်အရေး အဓမ္မစေခိုင်းမှုတွေနဲ့ ပတ်သက်ပြီး အိုင်အယ်လ်အိုကအကြံပြုထားခဲ့တဲ့အချက်တွေကို မြန်မာအစိုးရဘက်က လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ်ဖွဲ့စည်းပြီး သုံးသပ်ဖို့လိုအပ်ကြောင်းလည်း FTUB က တောင်းဆိုထားပါတယ်။

## ဒေါ်စုရဲ့ ဦးဆောင်မှုနဲ့ တွေ့ဆုံဆွေးနွေးဖြေရှင်းမှုလုပ်ဖို့ ၈၈ ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်ပြောဆို

**RFA ၊ မေ ၁၉ ။** ။ မြန်မာနိုင်ငံရဲ့ပြဿနာတွေ ပြေလည်ဖို့ဆိုရင် အကြောင်းအရာတခုချင်းဆီ ဆန်စစ်ရာ ကျည်ပွေ့လိုက်သလို ဖြေရှင်းဖို့ကြိုးစားနေတာမျိုးထက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ဦးဆောင်မှုနဲ့ တွေ့ဆုံဆွေးနွေးဖြေရှင်းသင့်တယ်လို့ ဘူးသီးတောင်ထောင်မှာအကျဉ်းကျနေတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ် သူ ကိုဌေးကြွယ်ကပြောလိုက်ပါတယ်။

ဦးသိန်းစိန်အစိုးရက အကျဉ်းသားတွေကို တနှစ် လျှော့ပေါ့ပေးလိုက်တယ်ဆိုတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ထွက်လာပြီး နောက်တနေ့ မိသားစုနဲ့ထောင်ဝင်စာတွေ့တဲ့အခါ ပြောဆိုလိုက်တာပါ။ လွတ်ငြိမ်းချမ်းသာခွင့်ကြေညာချက်အပေါ်မှာလဲ သူတို့လို နှစ်ရှည် အကျဉ်းကျသမားတွေအတွက်တော့ ဟာသတခုသာဖြစ်တယ်လို့ ပြောလိုက်ပါတယ်။

ကိုဌေးကြွယ်က ထောင်ဝင်စာသွားရောက်တွေ့ဆုံခဲ့တဲ့ ယောက်ဖတော်စပ်သူ ကိုဖြိုးမင်းသိန်းက RFA ကို အခုလို ပြောပါတယ်။

"တိုင်းပြည်ရဲ့အခြေအနေတွေကိုပေါ့နော်၊ ဖြစ်ပေါ်နေတဲ့အကြောင်းအရာတွေပေါ်မှာပဲလိုက်ပြီး ဆောင်ရွက်နေတာနဲ့စာရင် အပြောင်းအလဲတရပ်ကိုဖြစ်စေနိုင်မဲ့ တွေ့ဆုံဆွေးနွေးမှုမျိုးကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ဦးဆောင်မှုနဲ့ဆောင်ရွက်သင့်တယ်လို့ ဒါသူတို့ကတော့ အဲဒီလို အမြင်ရှိတယ်ပေါ့ဗျာ။"

အခုရင် စစ်အစိုးရလက်ထက်မှာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေကို ထောင် ၆၅ နှစ်နဲ့ ၆ လစီ အသီးသီးချမှတ်ခဲ့ပါတယ်။ လက်ရှိ ဦးသိန်းစိန်အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ကြေညာပြီး အကျဉ်းသားပေါင်း တသောင်းခွဲနီးပါးလွှတ်ခဲ့ပေမဲ့ နိုင်ငံရေးအကျဉ်းသားဦးရေ အနည်းအကျဉ်းသာပါဝင်ခဲ့ပါတယ်။ ဘူးသီးတောင်ထောင်ကလွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသား ၂ ဦးပဲ ရှိတယ်လို့ သိရပါတယ်။

# နိုင်ငံရေးအကျဉ်းသားတွေကို မလွှတ်ပေးချင်လို့ ဆင်ခြေအမျိုးမျိုးပေးပြနေတာဖြစ်

## ဗွီအိုအေ ပရိသတ်နှင့် ဒေါ်အောင်ဆန်းစုကြည် အမေးအဖြေဖြစ်ပါတယ်။

**VOA ၊ မေ ၁၇ ။** ။ ဗွီအိုအေပရိသတ်တွေက မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ဒီသီတင်းပတ်မေးထားတဲ့မေးခွန်းတွေထဲမှာ လွတ်ငြိမ်းချမ်းသာခွင့်အပေါ် မျှော်လင့်ချက်နဲ့နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလက်မှတ်ရေးထိုးလှုပ်ရှားမှုကိုဘယ်လိုပါဝင်ရမလဲဆိုတဲ့မေးခွန်း၊ဘယ်လိုနည်းလမ်းတွေအသုံးပြုပြီးတိုင်းပြည်ငြိမ်းချမ်းရေးရအောင် လုပ်နိုင်မလဲဆိုတဲ့မေးခွန်း၊ လာဘ်ပေးလာဘ်ယူကိစ္စ၊ စီးပွားရေးမူဝါဒ ချမှတ်ရေးဆိုင်ရာနဲ့မြန်မာ့နိုင်ငံရေးပြဿနာမှာ ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်ပေးနေတာတွေနဲ့ ဆိုင်တဲ့ မေးခွန်းတွေပါဝင်ပါတယ်။

အမေဒေါ်စု၊ကိုယ်စိတ်နှလုံးအေးချမ်းစွာဖြင့် နိုင်ငံတော်ဒီမိုကရေစီအရေးအတွက် လွတ်လပ်စွာဆောင်ရွက်နိုင်ပါစေလို့ဆန္ဒပြုမေတ္တာပို့ပါတယ်ခင်ဗျာ၊ ကျွန်တော် အမေစုကို ပြောချင်တာရော မေးချင်တာပါရှိပါတယ်၊ ပြောချင်တာကတော့ဆိုပြီးသောတရှင်မင်းအောင်နိုင်က…

မေး။ ။ လက်ရှိအစိုးရဟာ နိုင်ငံရေးအကျဉ်းသားရယ်လို့ မဟုတ်ဘဲ အကျဉ်းသားတွေအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိမ့်မယ်လို့ ကျွန်နော်ယုံကြည်နေပါတယ်။ ဘယ်လိုပေးမယ် ဘယ်လောက်ပေးမယ်ဆိုတာတော့ ကျွန်နော်မသိပါဘူး။ ဒါပေမယ့်ပြစ်ဒဏ်ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲမှာ အီလက်ထရောနစ် ဥပဒေနဲ့ပြစ်ဒဏ်ကျခံနေရသူတွေ များစွာရှိပါတယ်။ သမ္မတဦးသိန်းစိန်ပထမဆုံးပြောတဲ့ မိန့်ခွန်းထဲမှာ ခေတ်စနစ်နဲ့မညီတဲ့အီလက် ထရောနစ်ဥပဒေတွေ၊ ဆက်သွယ်ရေးဥပဒေတွေကို ပြင်ဆင်ပေးမယ်လို့ပြောခဲ့တာရှိပါတယ်။ သမ္မတကိုယ်တိုင် သူတို့ရဲ့ဥပဒေဟာ ခေတ်စနစ်နဲ့မညီတော့ဘူးလို့ ဝန်ခံပြောလာခဲ့ပြီဆိုရင် အဲဒီခေတ်နဲ့မညီတဲ့ဥပဒေကြောင့်ပြစ်ဒဏ်ကျခံနေရသူတွေဟာ ဘယ်လောက်နစ်နာမလဲ၊ သူတို့အတွက်ရော တိုင်းပြည်အတွက်ရော ဘယ်လောက်စိတ်မကောင်းစရာကြေကွဲဝမ်းနည်းစရာ ကောင်းသလဲဆိုတာ ကိုယ်ချင်းစာစိတ်ရှိသူတိုင်း နားလည်မှာပါ။

ကျွန်တော်မေးချင်တာကတော့ ၂ ခုရှိပါတယ်၊ ပထမတစ်ခုက အမေတို့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့တောင်းဆိုနေတဲ့နေရာမှာ လွှတ်ပေးဖို့ သက်သက်မဟုတ်ဘဲ အဲဒီလို ခေတ်နဲ့မညီတဲ့ ဥပဒေတွေကြောင့် အစကတည်းက အဖမ်းမခံသင့်တဲ့အကြောင်းပါ ထည့်သွင်း ပြောဆိုဖို့ ရှိမရှိ သိချင်ပါတယ်။

နောက်တစ်ခုက နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ဖို့ လက်မှတ်ထိုးတောင်းဆိုနေတဲ့အခါ ဘယ်လို လက်မှတ်ထိုးရမှာလဲ၊ ဖောင်ပုံစံနဲ့လား၊ ဖောင်ကို ဘယ်လိုယူရမလဲ၊ ကိုယ့်ဖာသာ ဖောင်လုပ်လို့ရလား၊ ဖောင်မှာ အမည် အဖအမည် မှတ်ပုံတင်နံပါတ် စတာတွေပါသေးလား၊ ဘယ်ကိုပို့ရမလဲ၊ နယ်တွေ ကျေးရွာတွေကလူတွေ၊ နယ်စပ်ကလူတွေ ဘယ်လိုဖြည့်ရမလဲ အဲဒါလည်း သိချင်ပါတယ်။

ဖြေ။ ။ သားပြောတဲ့အတိုင်းပဲ ဥပဒေရေးရာချို့ယွင်းချက်တွေကြောင့် အကြောင်းအမျိုးမျိုးပြပြီး နိုင်ငံရေးအကျဉ်းသားတွေကိုအကျဉ်းချထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် အမေတို့ NLD က ဥပဒေစိုးမိုးရေးကို ထပ်တလဲလဲ တောင်းဆိုနေတာပါ။

သမ္မတဦးသိန်းစိန် မိန့်ခွန်းပါ အချက်အလက်တွေကို အခြေခံပြီး ဥပဒေနဲ့အညီ လုပ်သင့်တဲ့ အကြောင်းတွေကို NLD ဒုဥက္ကဋ္ဌဦးတင်ဦးက သမ္မတဦးသိန်းစိန်ထံ စာရေးပြီးဖြစ်ပါတယ်။ အခုထိတော့ ဘာမှ အကြောင်းမပြန်သေးပါဘူး။

စင်စစ်တော့ တကယ်ကို လွှတ်ပေးချင်တဲ့စိတ်ရှိရင် အလွယ်လေးပါ။ မလွှတ်ပေးချင်ရင်တော့ ဆင်ခြေအမျိုးမျိုး ပြနိုင်တာပေါ့။ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရေး လက်မှတ်ထိုးဖို့က အနီးဆုံး NLD အဖွဲ့ဝင် တယောက် ယောက်ကိုမေးပြီး လုပ်ပေးပါ။ အားပေး ပါလို့လည်း မေတ္တာရပ်ခံချင်ပါတယ်။ နိုင်ငံခြားမှာ ရောက်နေတယ်ဆိုရင် အင်တာနက်ကနေ လက်မှတ်ထိုးပြီးတော့ ဆန္ဒပြုပေးစေချင်ပါတယ်။

ဩစတြေးလျားနိုင်ငံ Perth မြို့က သောတရှင် ဘုန်းကျော် ကတော့ တိုင်းပြည်ငြိမ်းချမ်းရေးရမယ့်အချိန်ကို မေးထားသလိုလူထုအုံကြွမှု၊ NLD ရွေးကောက်ပွဲဝင်ဖို့ စတာတွေနဲ့ပတ်သက်ပြီးမှတ်ချက် ပေးပြောဆိုထားပါတယ်။

မေး။ ။ ကျနော်တို့တိုင်းပြည်ဟာ ဘယ်တော့များမှ တိုင်းပြည်ငြိမ်းချမ်းရေးရနိုင်ပါ့မလဲ၊ အခုပုံစံ ကြည့်ရတာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ဟာ တွေ့ဆုံဆွေးနွေးရေးတောင်းဆိုနေတာ ကြာလှပါပြီ။ ဒါကိုနအဖက အစဉ်တစိုက် မသိကျိုးကျွန်ပြုခဲ့ပါတယ်။ NLD က ယနေ့အထိ သူများမပေးချင်တာကို တောင်းနေရုံနဲ့ အမျိုးသားသင့်မြတ်ရေးရနိုင်ပါ့မလား။ တခြားနည်းလမ်း မသုံးတော့ဘူးလားခင်ဗျား။ လူထုအုံကြွမှုလုပ်ဖို့လည်း ဒေါ်အောင်ဆန်းစုကြည်တို့မှာ အစီအစဉ် မရှိ ဘူးလို့သိရပါတယ်။ ဘယ်လိုနည်းနာတွေနဲ့ တိုင်းပြည်ကို အမြန်ဆုံးငြိမ်းချမ်းရေးလုပ်ပေးနိုင် မလဲဆိုတာကို စဉ်းစားနေမိလို့ပါ။

ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD၊ ပါတီတစ်ခုထောင်ပြီး နောင်လာမဲ့ရွေးကောက်ပွဲကို ဝင်ပြိုင်စေ ချင်ပါတယ်။ ကိုယ်နိုင်တဲ့အခါမှာ ပြောင်းလို့ရနိုင်မယ်လို့ ကျနော်တော့ ဒီလိုစဉ်းစားမိတယ်။ အခုနည်းနဲ့သာဆိုရင် အချိန်ကာလမရှိတဲ့အတွက် နောင်နှစ်ပေါင်း ၁၀၀ တောင် ဒီမိုကရေစီရနိုင်ပါ့မလားခင်ဗျား။ ဗိုလ်ချုပ်အောင်ဆန်းလိုတနှစ်အတွင်း လွတ်လပ်ရေးရရမယ်လို့ဆိုတဲ့ ပြတ်ပြတ်သားသားစိန်ခေါ်ချက်မျိုးကြားချင်လို့ပါခင်ဗျား။

ဖြေ။ ။ ငြိမ်းချမ်းရေးဆိုတာ အင်မတန်မှ တန်ဘိုးရှိတဲ့အရာဖြစ်လို့ ရဖို့မလွယ်တာလည်းအံ့ဩသင့်စရာတော့မဟုတ်ပါဘူး။ မြန်မာ နိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းများစွာ ရှိယုံတင်မကပါဘူး။ အာဏာရှင်စနစ်အောက်မှာ အနစ် ၅၀ နီးပါးနေခဲ့ရတဲ့ တိုင်းပြည်အတွက်ကအထူးခက်ခဲပါတယ်။

ငြိမ်းချမ်းရေးကို ငြိမ်းချမ်းတဲ့နည်းနဲ့ ယူနိုင်မှ ရေရှည်တည်တံ့နိုင်မှာပါ။ အချိန်ပိုကြာမယ်ဆိုပေမယ့် ငြိမ်းချမ်းတဲ့လမ်းက တိုင်းပြည်ကို နာတာရှည်ဖြစ်စေမယ့် ဒဏ်ရာဒဏ်ချက်တွေကိုရှောင်ရှားနိုင်မယ်ဆိုတာ အရင်ကလည်း ကျမပြောဖူးပါတယ်။

ဖေဖေက လွတ်လပ်ရေး တနှစ်အတွင်းရမယ်လို့ ပြတ်ပြတ်သားသားပြောနိုင်တဲ့ အခြေခံအကြောင်း နှစ်ခုရှိတယ်လို့ထင်ပါတယ်။ တခုက လွတ်လပ်ရေးကို လိုချင် တောင့်တနေကြတဲ့ ပြည်သူတွေရဲ့ အင်အားရှိလို့၊ နောက်တခုကတော့ ရန်ဘက် ဗြိတိသျှတွေက သဘောတူညီမှု တခုရပြီးပြီဆိုရင် စကားအတိုင်းပဲ လုပ်သွားမယ် ဆိုတာကို ယုံကြည်နိုင်လို့ဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့**

စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံမှာတော့ဒီမိုကရေစီလိုလားတဲ့ပြည်သူတွေအင်အားများပေမယ့် ၁၉၉၀ ခုနှစ် အတွေ့အကြုံအရဆိုရင် ဒီပြည်သူလူထုကြီးရဲ့ဆန္ဒကို တန်ဘိုးမထားဘဲ မလိုရင် မလိုသလို တဘက်သတ် ခြေဖျက်ခဲ့တာကိုလည်း အများသိရှိပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲဝင်တယ်ဆိုတာကလည်း တကယ်လုပ်ပိုင်ခွင့် ရမှာမဟုတ်ဘူးလို့ ယုံကြည်နေလျက်နဲ့ ဝင်ပြိုင်တယ်ဆိုရင် ပြည်သူတွေကို လှည့်ဖျားရာလည်းရောက်၊ ခရီးလည်းမပေါက် ဖြစ်ပါလိမ့်မယ်။

တွေ့ဆုံဆွေးနွေးပွဲဆိုတာကတော့ ပင်ပင်ပန်းပန်းနဲ့ လုပ်ယူရမယ်ဆိုပေမယ့်ပြည်သူတွေကိုအကျိုးပြုမယ့်ရလာဒ်ပေါ်ထွက်လာမယ့်ကိန်းရှိတာကြောင့် ကြိုးစားပြီး အကောင်အထည် ဖော်ရမှာပါ။ ဘာမှမလုပ်ဘဲနဲ့တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ လုပ်မယ့်လူတွေများလာတာနဲ့ အမျှ ဖြစ်နိုင်ခြေကလည်း ကောင်းလာမှာပါ။

ဦးသိန်းစိန်အစိုးရ တက်လာပြီးတဲ့နောက် ကျယ်ကျယ် လောင်လောင်ကြားလာရတဲ့ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကိစ္စသံသယနဲ့ မေးမြန်းထားသူကတော့ မောင်ဖိုးထိုက် (မေရီလန်း) ဆိုတဲ့ သောတရှင်ဖြစ်ပါတယ်။

မေး။ ။ လာဘ်ပေးလာဘ်ယူကိစ္စကို ချက်ချင်းဖြေရှင်းရင်ကျွမ်းကျင်တဲ့ဝန်ထမ်းတွေ အလုပ်က ဖြုတ်လိုက်သလို ဖြစ်သွားလိမ့်မယ်ဆိုပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ရှိသူတွေက သတင်းထောက်တွေကိုခေါ်ပြီး ပြောခဲ့တာ ကြားရပါတယ်။ ဒီတော့ လာဘ်ပေးလာဘ်ယူကိစ္စကို မဖြေရှင်းတော့ဘူးလား။ ဝန်ထမ်းတွေရတဲ့လခတွေနဲ့ မလောက်ငှဘူးဆိုတာ နားလည်ပါ တယ်။ ဒါပေမယ့် လာဘ်ပေးလာဘ်ယူကိစ္စက သိပ်ကို ဆိုးဝါးနေတယ်၊ တရားလွန်နေတယ်။ အစိုးရသစ်အဖွဲ့က တာဝန်ရှိသူတွေမှာတော့ ဒီကိစ္စ ဘယ်လိုဖြေရှင်းမလဲ၊ လောလောဆယ် စဉ်းစားထားတဲ့ပုံ မရှိပါဘူး။ အန်တီစုအနေနဲ့ ဘယ်လို ဖြေရှင်းသင့်တယ်လို့ ထင်ပါသလဲ။

ဖြေ။ ။ ကျွမ်းကျင်ဝန်ထမ်းတွေကို ဖြုတ်ရမှာစိုးလို့ လာဘ်ပေးလာဘ်ယူ မဖြေရှင်းနိုင်သေးဘူး ဆိုတာကတော့ မပြုပြင်ယူဘဲ နေမယ်ဆိုတဲ့ သဘောများလား၊ အဲဒါကတော့ အပြုသဘော မဆောင်ဘူးလို့ထင်ပါတယ်။ လာဘ်ပေးလာဘ်ယူနဲ့ပတ် သက်လို့မေးခွန်းဖြေခဲ့ဖူးပါတယ်။ အန်တီ့အမြင်မှာတော့ အထက် လူကြီးတွေ လာဘ်ပေးလာဘ်ယူကင်းမှ အောက်ကလူတွေကို ထိန်းနိုင်မှာဖြစ်ပါတယ်။ ထိန်းချင်သလို ထိန်းနိုင်အောင် ဆိုတာကလည်း ဝန်ထမ်းတွေကို လုံလောက်တဲ့လစာငွေ ပေးရပါလိမ့်မယ်။ ဒါဟာ တိုင်းပြည်ရဲ့ဘဏ္ဍာ အခြေအနေနဲ့လည်း ဆိုင်နေပါတယ်။

နောက်ပြီး ဒီလိုလစာငွေ လုံလောက်သွားတဲ့တိုင်အောင်လောဘ အကျင့်ပါနေလို့ ဆက်ပြီး လာဘ်ပေးလာဘ်ယူကို ကြည်ဖြူနေတဲ့ ဝန်ထမ်းတွေကို ထိထိရောက်ရောက် အရေးယူနိုင်မယ့် စည်းမျဉ်းစည်းကမ်းတွေလည်း လိုပါလိမ့်မယ်။ အရေးအကြီး ဆုံးကတော့ အကျင့်စာရိတ္တ ပြုပြင် ရေးပါပဲ။ အခက်ခဲဆုံးလည်း ဖြစ်ပါလိမ့်မယ်။

Dear Aunty Daw Aung San Suu Kyi လို့အစချီပြီး စီးပွားရေးမူဝါဒတွေအပါအဝင်၊ သူ့အဆို အားဖြင့် မူဝါဒရေးရာပြိုင်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်သင့်တယ်လို့ မထင်ဘူးလားဆိုပြီး အင်္ဂလိပ်လို အတော်လေးရှည်ရှည်ရေးထားတဲ့အီးမေးနဲ့ မေးထားသူက အောင်ကိုကိုဆိုတဲ့သောတရှင်ပါ။ အင်္ဂလိပ်လိုရေးထားတဲ့ အီးမေးက အတော်လေးရှည်တဲ့အတွက် အချိန်ကိုငဲ့ကွက်ပြီး အဓိက မေးထားတဲ့မေး ခွန်းကိုပဲ ဘာသာပြန်ဖော်ပြလိုက်တာကို နားလည်မယ်လို့မျှော် လင့်ပါတယ်။

မေး။ ။ အမျိုးသားစီးပွားရေးနဲ့ သာယာဝပြောရေးကို ပြောင်းလဲပစ်စေနိုင်တဲ့ စီးပွားရေးမူဝါဒတွေ အပါအဝင်မူဝါဒရေးရာချမှတ်တဲ့ပြိုင်ပွဲမှာ NLD အနေနဲ့ ဝင်ပြီးယှဉ်ပြိုင်သင့်တယ်လို့ မထင်ဘူးလားခင်ဗျာ။

ဖြေ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အန်တီလွတ်လာပြီး ၆ လအတွင်းမှာ စီးပွားရေးနဲ့ ပတ်သက်လို့ တစ်၊ Davos ကိုပို့သခဲ့တဲ့ အန်တီ့ထင်မြင်ချက်၊ နှစ်၊ လွတ်လပ်ရေးနေ့က ထုတ်ပြန်ခဲ့တဲ့ စီးပွားရေးဆိုင်ရာ ကြေညာချက်၊ သုံး၊ ဖေဖော်ဝါရီလက ထုတ်ပြန်ခဲ့တဲ့ စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ သဘောထားတို့ကို လေ့လာလိုက်ရင် NLD ရဲ့ စီးပွားရေးမူဝါဒကို သဘောပေါက်နိုင်မယ်လို့ ထင်ပါတယ်။

ပိုမိုပြီးတော့ အသေးစိတ်လည်းကျ၊ ကျယ်ပြန့်လည်း ကျယ်ပြန့်တဲ့ စီးပွားရေးမူဝါဒ သဘောထားတွေကို ချမှတ်ဖို့ကမှန်ကန်တဲ့ ကိန်းဂဏန်း အချက်အလက်တွေရရင် မခက်ခဲပါဘူး။ အခုအချိန်မှာတော့ အန်တီ သတိပြုမိသလောက် နိုင်ငံတကာငွေရေးကြေးရေးဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းတွေတောင်မှ အချက် အလက်တွေ လုံလုံလောက်လောက်၊ တိတိကျကျ ရရှိနိုင်တဲ့ပုံ မမြင်ရသေးပါဘူး။

ဒီသီတင်းပတ် အမေးအဖြေကဏ္ဍမှာ ကုလသမဂ္ဂက မြန်မာ့အရေး ကြားဝင်ဆောင်ရွက်ပေးနေ တာနဲ့ပတ်သက်ပြီး မေးခွန်းနှစ်ခုပါဝင်ပါတယ်။ ခေတ္တ ထိုင်းနိုင်ငံရောက် မေမြန်မ ညီအမများက ကုလသမဂ္ဂရဲ့အခန်းကဏ္ဍနဲ့ပတ်သက်ပြီး မေးခွန်းထုတ်ထားပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေဖြစ်လာဖို့အတွက် တွန်းအားပေးရေးတွေ့ဆုံ ဆွေးနွေးပွဲတွေမှာ ကုလသမဂ္ဂဟာ အစိတ်အပိုင်းတခုအနေနဲ့ ဘယ်လိုပါဝင်ရမှာပါလဲ၊ မြန်မာ့နိုင်ငံရေးပြဿနာတွေ ပြေလည်ရေးမှာ ကုလသမဂ္ဂဟာ တကယ်ပဲ စွမ်းဆောင်နိုင်မှာပါလား၊ နှစ်တွေလည်း ကြာလှပါပြီအန်တီ။ သမီးတို့ကတော့ ကုလသမဂ္ဂကြီးကို စက္ကူကျားကြီးလို့ မြင်နေတာပါ၊ သမီးတို့မှားရင်လည်း ပြင်ပေးပါ။

ဖြေ။ ။ ဦးအုန်းကြိုင်က သတင်းဌာနတွေကို မြန်မာလိုပဲ ပြောခဲ့တာပါ။ ဒါကို တခြား သတင်းဌာနတွေက အင်္ဂလိပ်လို ဘာသာပြန်၊ အဲဒါကိုမှ တခါနောက်ထပ် ဗမာလိုပြန်ဆိုတော့ အဓိပ္ပါယ်ရှုပ်ထွေးသွားတာဖြစ်ပါတယ်။ ဦးအုန်းကြိုင်က NLD ရဲ့ ရပ်တည်ချက်အတိုင်းအမျိုးသား ရင်ကြားစေ့ရေးဦးတည်တဲ့ ဆွေးနွေးပွဲတွေဖြစ်မြောက်ဖို့ ဆောင်ရွက်မှုတွေထဲမှာ ကုလသမဂ္ဂကလည်း တစိတ်တပိုင်း ပါဝင်စေချင်တာကို ပြောတာပါ။

ကုလသမဂ္ဂတခုထဲက မြန်မာနိုင်ငံပြဿနာတွေကို ဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူးဆိုတာ အန်တီတို့လည်း သဘောတူပါတယ်။ အားလုံးမလုပ်နိုင်သည့်တိုင်အောင် လုပ်နိုင်သလောက် လုပ်ရမယ်လို့လည်း ယုံကြည်ပါတယ်။ ဒါဟာ ကုလသမဂ္ဂရဲ့တာဝန်ပဲ မဟုတ်ပါလား။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကို ရည်ညွှန်းချင်ပုံရတဲ့ ဘန်ကြီးကို မယုံချင်သူဆိုတဲ့ သောတရှင်ကလည်း မြန်မာ့အရေး ကုလသမဂ္ဂက ကြားဝင်ဆောင်ရွက်နေတဲ့အပေါ် သံသယတဝက်နဲ့ မေးထားပါတယ်။

မေး။ ။ ကုလသမဂ္ဂခေါင်းဆောင်တွေ မြန်မာပြည်ကို လာတာလည်း အကြိမ်မနည်းတော့ပါဘူး အန်တီစုရယ်။ မြန်မာပြည်အရေးကို စိုးရိမ်တဲ့အကြောင်း၊ စိတ်မကောင်းဖြစ်မိတဲ့အကြောင်းတွေပါ ထပ်တလဲလဲပြောနေတော့ မြန်မာ့အရေး တကယ်တမ်း ထိထိရောက်ရောက်လုပ်ပေးနိုင်ပါ့မလား။ သံသယဖြစ်ချင်လာမိတယ်။ မြန်မာပြည် ဒီမိုကရေစီရရှိရေးမှာ ကုလသမဂ္ဂက အခုလက်ရှိအနေအထားထက်ပိုပြီး ဘယ်

စာမျက်နှာ ၈ သို့

# ဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းခွင့်အပေါ် အတိုက်အခံအဖွဲ့များ ရှုတ်ချ

**RFA | မေ ၁၇ ။** ။ ဦးသိန်းစိန်အစိုးရရဲ့လွတ်ငြိမ်းသက်သာခွင့် အမိန့်အပေါ် အတိုက်အခံအဖွဲ့အစည်းအသီးသီးက မေလ ၁၇ ရက် ဒီကနေ့ရှုတ်ချလိုက်သလို နိုင်ငံရေးအကျဉ်းသားတွေလွတ် မြောက်ရေးအတွက် လှုပ်ရှားတိုက်ပွဲဝင်ကြဖို့ မြန်မာပြည်သူတွေကို ပန်ကြားလိုက်ပါတယ်။

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ AAPP-B အဖွဲ့ရဲ့ထုတ်ပြန်ချက်အရ ဦးသိန်းစိန်အစိုးရသစ်ရဲ့ကြေညာချက်ဟာ နိုင်ငံရေးအကျဉ်းသားတွေအတွက် အမည်ခံလွတ်ငြိမ်းခွင့်သာဖြစ်တယ်လို့ ရှုတ်ချပြောဆိုလိုက်ပါတယ်။ အဖွဲ့ရဲ့အတွင်းရေးမှူးကို တိတ်နိုင်က အခုလိုပြောပါတယ်။

"လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထဲမှာတောင်မှ ဒီအမိန့်က အဆိုးဆုံးလို့ပြောလို့ရပါတယ်။ တကယ်ကို ဒီမိုကရေစီရေး လူ့အခွင့်အရေး လှုပ်ရှားနေတဲ့သူတွေ အမျိုးသားပြန်လည်သင့်မြတ် ရေးလှုပ်ရှားနေတဲ့ လူတွေကို သူတို့က ဖမ်းဆီးတဲ့အခါမှာ စနစ်တကျအကွက်ချပြီး ဖမ်းဆီးတယ်၊ စနစ်တကျညှဉ်းပန်းနှိပ်စက်မှုတွေလုပ်တယ်၊ နှစ်ရှည်ထောင်ဒဏ်တွေချတယ်။ အများဆုံး ၁၀၆ နှစ်အထိ ချထားတယ်။ ၁၀၆ နှစ်ချထားတဲ့အထဲမှာမှ သူတို့က တနှစ်လျှော့ ပေးတယ်ဆိုတာက ဒါက ဒီမိုကရေစီရေးလှုပ်ရှားနေတဲ့သူတွေ ဒီကနေ့ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးအတွင်းမှာကော အပြင်မှာကော တောင်းဆိုနေတဲ့ ကုလသမဂ္ဂအပါအဝင် အစိုးရတွေကိုပါ စော်ကားလိုက်တဲ့ကြေညာချက်။ ဒါကြောင့်မို့လို့ ကြေညာချက်အပေါ်မှာ ကျွန်တော်တို့က တကယ်ကို ပြင်းပြင်းထန်ထန် ကန့် ကွက်ရှုတ်ချပါတယ်။"

အလားတူ ၈၈ မျိုးဆက်ကျောင်းသားများ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုနဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့ကလည်း ဒီကြေညာချက်ကို လွတ်ငြိမ်းချမ်းသာခွင့် အမည်ခံထားတဲ့ ကြေညာချက်အတုဖြစ်တယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုထွန်းမြင့်အောင်က ဦးသိန်းစိန် အစိုးရအနေနဲ့ ရိုးသားပွင့်လင်းသင့်တယ်လို့ ဆိုပါတယ်။

"နအဖ စစ်အစိုးရလိုမဟုတ်တော့ဘူး။ ဒါပေမဲ့ ဒီမိုကရေစီလမ်းကြောင်းကို တကယ်ပြောင်းလဲပါပြီဆိုလို့ရှိရင်၊ လက်ရှိ ကျွန်တော်တို့တိုင်းပြည်မှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျဉ်းသားပြဿနာကို မှန်မှန်ကန်ကန် ပကတိအရှိအတိုင်းလက်ခံတတ်ဖို့လိုပါတယ်။ ပြီးတော့ ရိုးရိုးသားသားဖြေရှင်းရမှာပါ။ ဒါမှသာ တိုင်းပြည်ရဲ့ကနေ့ရင်ဆိုင်နေရတဲ့ပြဿနာအကျပ်အတည်းတွေကို ကျွန်တော်တို့စုပေါင်းပြီးဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ အဲဒီလို မဟုတ်ပဲနဲ့ အရှိတရားကိုငြင်းပယ်ပြီးတော့ ဝန်မခံပဲနဲ့ ဝေ့လည်ကြောင်ပတ်လုပ်နေမယ် အခုလိုပဲ ကမ္ဘာကိုလှည့်ဖြားလိုက် ပြည်သူကိုလှည့်ဖြားလိုက်နဲ့ ဆက် ပြီးတော့လုပ်နေဦးမယ်ဆိုလို့ရှိရင် တိုင်းပြည်ရဲ့ပြဿနာတွေဟာ ဒီထက်ပိုပြီးတော့ ဆိုးသွားဖို့ပဲရှိပါတယ်။"

မြန်မာနိုင်ငံအကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးအကျဉ်းသား ၂,၂၀၀ ကျော်ရှိပြီး မိမိတို့အနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေ ချွင်းချက်မရှိလွတ်မြောက်ရေးအတွက် ကြိုးပမ်းသွားမှာဖြစ်သလို မြန်မာပြည်သူတွေအနေနဲ့လည်း ဒီမိုကရေစီရေးအင်အားစုများနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ ပန်ကြားထားပါတယ်။

## အမေရိကန်ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံ ၃ ရက်ခရီး သွားမည်

**VOA | မေ ၁၇ ။** ။ အမေရိကန် အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာဌာန ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Joseph Yun ဟာ မြန်မာနိုင်ငံကအစိုးရသစ်နဲ့တွေ့ဆုံဖို့ ဒီကနေ့ မေလ ၁၈ ရက်ကစတင်ပြီး မြန်မာနိုင်ငံကို ၃ ရက်ခရီး သွားရောက်မှာဖြစ်ပါတယ်။

အမေရိကန်အစိုးရအနေနဲ့ မြန်မာအစိုးရသစ်နဲ့ဆက်ပြီး ထိတွေ့ဆက်ဆံသွားချင်တဲ့ဆန္ဒကိုပြသတဲ့အနေနဲ့ မစ္စတာယွန်း သွားမှာဖြစ်တယ်လို့ နိုင်ငံခြားရေးဌာနမှာ အင်္ဂါနေ့ကလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ လက်ထောက်ပြောခွင့်ရသူ Mark Toner က ပြောကြားသွားတာဖြစ်ပါတယ်။

"အရှေ့အာရှနဲ့ပစိဖိတ်ရေးရာ ဒု-လက်ထောက်ဝန်ကြီး ဂျိုးဇက် ယွန်းဟာ မေလ ၁၈ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ မြန်မာနိုင်ငံကို သွားရောက်ဖို့ရှိပါတယ်။ ဒီခရီးစဉ်ဟာ ကျနော်တို့ရဲ့မြန်မာအစိုးရနဲ့ ဆက်လက်ပြီးထိတွေ့လိုတဲ့ဆန္ဒကိုထင်ဟပ်ခြင်းပဲဖြစ်ပါတယ်။ ပြီးတော့ မြန်မာပြည်သူတွေ အရပ်သားအဖွဲ့အစည်းတွေနဲ့ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမယ်ဆိုတဲ့သဘောလည်း ဖြစ်ပါတယ်။

"ဒုလက်ထောက်ဝန်ကြီးယွန်းဟာ မြန်မာအစိုးရအရာရှိကြီးတွေနဲ့ မိတ်ဆက်တွေ့ဆုံမှုပြုလုပ်ပြီး နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ

**စာမျက်နှာ ၁၂ သို့**

**စာမျက်နှာ ၇ မှ**

လို အခန်းကဏ္ဍတွေကနေ ထိထိရောက်ရောက် ပါဝင်နိုင်ဦးမယ်လို့အန်တီစု မျှော်လင့်ပါသလဲ၊ ဘယ်လိုနည်းလမ်းတွေ ကျန်နိုင်ပါသေးသလဲ။ ကုလ သမဂ္ဂဘက်က မြန်မာပြည်အတွက် ကုထုံးကုန်နေပြီလို့ပြောရင် လွန်မလား၊ အန်တီစုရဲ့ သဘောထားကို သိပါရစေခင်ဗျား။

ဖြေ။ ။အန်တီတို့လည်း ကုလသမဂ္ဂက မြန်မာ့ဒီမိုကရေစီရေးအတွက်ဆောင်ရွက်မှုတွေကိုသိပ်ပြီးကျေနပ်တယ်လို့တော့မဟုတ်ပါဘူး။ အလုပ်မပါတဲ့ စကားတွေချည်းပဲလို့ အများက မြင်နေတာကိုလည်း သတိပြုမိပါတယ်။ ဒါပေမယ့်လည်း လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေကို စကားချည်းပဲဆိုပြီး တန်ဖိုးမထားလို့ မရပါဘူး။ လူသားတွေရဲ့ မျှော်မှန်းချက်တွေနဲ့ ရပိုင်ခွင့်တွေကို ရောင်ပြန်ဟပ်တဲ့ ဆုံးဖြတ်ချက်တွေမို့ တန်ဖိုးရှိပါတယ်။

ကုလသမဂ္ဂဆိုတာ နိုင်ငံပေါင်းများစွာနဲ့ဖွဲ့စည်းထားတာဆိုတော့ ဆုံးဖြတ်ချက်တွေကို အများ သဘောတူညီချက်ရအောင်လုပ်ဖို့ကမလွယ်တဲ့အပြင် လုံခြုံရေးကောင်စီမှာဆိုရင် လူ့အခွင့် အရေးနဲ့ပတ်သက်တဲ့ကိစ္စတွေကို ပြည်တွင်းရေးပဲဆိုပြီး ဗီတိုသုံး ကန့်ကွက်လေ့ရှိတဲ့ နိုင်ငံတွေ လည်းပါဝင်နေပါတယ်။

ဒီလိုအခက်အခဲတွေကြားထဲက ကုလသမဂ္ဂရုံးချုပ်အနေနဲ့ လုပ်ပိုင်ခွင့်ရှိသလောက် လုပ်ဖို့ကို အန်တီတို့က မြင်ချင်တာပါ။ လုပ်ပိုင်ခွင့်တွေက တဖြည်းဖြည်း ပိုမိုပြီးကြီးထွားလာပြီး တရားမျှတရေး၊လူသားချင်းစာနာရေးစတဲ့ မူတွေအပေါ်မှာ အခြေခံပြီး လှုပ်ရှားနိုင်တဲ့ ကုလသမဂ္ဂရုံးချုပ်မျိုး ဖြစ်လာအောင်လို့လည်း ကြိုးစားရမှာပါ။

ဒါ့ကြောင့် အားမရပေမဲ့လည်း အားမလျှော့ဘဲ ကမ္ဘာ့နိုင်ငံအားလုံး အထူးသဖြင့် နိုင်ငံငယ်လေးတွေ၊ ဒုက္ခဆင်းရဲပေါင်း မြောက်များစွာနဲ့ လုံးပမ်းနေရတဲ့နိုင်ငံတွေကို အကျိုးပြုမယ့် တကယ့်အဖွဲ့အစည်းကြီးဖြစ်လာအောင် ဆက်ပြီးတော့ လုပ်သွားကြရမှာဖြစ်ပါတယ်။



**မေ ၁၃။** Inner City Press , UN ။ ။ ကုလသမဂ္ဂ မြန်မာဆိုင်ရာအထူးသံ ပီဂျေနမ်ဘီယာသည် မြန်မာခရီးစဉ်တွင် ရှမ်း စသည့် တိုင်းရင်းအဖွဲ့များနှင့် တွေ့ဆုံရန်အစီအစဉ်မသိသေးကြောင်း။

**မေ ၁၅။** Nation ။ ။ ထိုင်း၏ မြန်မာဒုက္ခသည်များအား နယ်စပ်အနီးရှိစခန်း ၉ ခုတွင်ထားရန် မူကြောင့် မြန်မာမှ ဒုက္ခသည်များသည် မဖော်ပြနိုင်လောက်အောင် ဒုက္ခဝေနာများခံစားနေရပြီး ထိုင်းအစိုးရသည် ဒုက္ခသည်များကိုင်တွယ်နည်းကို မသိကြောင်းပြ၏။

**မေ ၁၆။** Bernama ။ ။ မြန်မာနှင့်ကုန်သွယ်ရေးတိုးမြှင့်ရန် ထိုင်းသည် နယ်စပ်ဂိတ်သစ်များဖွင့်ရန်စိုင်းပြင်းနေ၏။

**မေ ၁၆။** HRW ။ ။ နအဖ ၏ အကျဉ်းသားများအား ထောင်ဒဏ်တနှစ်စီလျှော့ပေါ့မှုကို ထောင်သားများစွာကြိုဆိုမည်ဖြစ်သော်လည်း ၂၀၀၀ ခန့်ရှိ နိုင်ငံရေးအကျဉ်းသားများအတွက် သိပ်မထူးခြား။ နအဖ ၏လှည့်ကွက်သည် ကုလအထူးသံ Nambiar ကိုပါးရိုက်သလိုဖြစ်နေ၏။

**မေ ၁၆။** RGN-AFP, AP ။ ။ မြန်မာသည် ကန့်သတ်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သော်လည်း သတ်မှတ်ချက်များရှိပြီး ဘောင်မှာလည်း မသဲကွဲကြောင်း။ အကျဉ်းသားများအား တနှစ်သာစောလွတ်ခြင်းဖြစ်ပြီး သေဒဏ်သင့်သူများ တသက်တကျွန်းသို့ လျှော့ခြင်းခံရ၏။

**မေ ၁၆။** Irrawaddy ။ ။ ကုလ၏ မြန်မာလူ့အခွင့်အရေးဆိုင်ရာ သံတော်ဆင့် Tomas Ojea Quintana သည် မြန်မာအင်ဂျီအိုများ လူ့အခွင့်အရေးအဖွဲ့များနှင့်တွေ့ဆုံရန် ချင်းမိုင်သို့ရောက်ရှိ၏။

**မေ ၁၆။** Irrawaddy ။ ။ PRSD ပုံနှိပ်လုပ်ငန်းစိစစ်ရေးသည် True News Journal အား ၂ ပတ်ပိတ်စေခဲ့ကြောင်း။

**မေ ၁၆။** Mizzima ။ ။ ရေနံပိုက်လိုင်းဆောက်ရေးအတွက်မိုင်းခွဲခြင်းသည် ငါးလုပ်ငန်းနှင့်ကရုကမာကျွန်းများအား ထိခိုက်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP မှဆို၏။

**မေ ၁၆။** Mizzima ။ ။ မြန်မာသည် အာဆီယံအလှည့်ကျသဘာပတိနေရာနှင့် မထိုက်တန်သေးဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး Kasit Piromya မှဆို၏။

**မေ ၁၆။** WTN ။ ။ အမေရိကန်ပြည်ထောင်စုသည် မြန်မာအပေါ် ကုန်သွယ်စီးပွားကန့်သတ်ပိတ်ပင်မှုဥပဒေကို နောက်တနှစ်သက်တမ်းတိုးလိုက်၏။

**မေ ၁၆။** UN ။ ။ မြန်မာပြည်သူများ၏ဆန္ဒကို တုန့်ပြန်နေသည်ဟုသေချာစေရန် တခုတည်းသောလုပ်ဆောင်ချက်သည် မြန်မာတွင် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ခြင်းနှင့် ပါဝင်စေခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ အထူးသံ ပီဂျေ နမ်ဘီယာမှဆို၏။

**မေ ၁၆။** Asian Correspondence ။ ။ မြန်မာ၏အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်သည် သေဒဏ်ကိုထောင်တသက်သို့ လျှော့ခြင်းမှအပ၊ ကျန်အကျဉ်းသားများအား တနှစ်သာလျှော့ခဲ့သဖြင့် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်အနက် အကြိုးဝင်သူမရှိသလောက်ဟုယူဆပြီး သုဥ္ညလွတ်ငြိမ်းချမ်းသာခွင့်သာဖြစ်ကြောင်း။ ဘယ်နှစ်ယောက်အကြိုးဝင်သည်ဟုလည်း မဖော်ပြကြောင်း။

**မေ ၁၆။** InterAksyon ။ ။ မြန်မာ၏ အာဆီယံအလှည့်ကျသဘာပတိနေရာကိစ္စတွင် အမေရိကန်သည် နှုတ်ပိတ်နေ၏။

**မေ ၁၆။** Asian News Network ။ ။ ခိုလှုံသူများလဲလှည်ရန်အစီအစဉ်မစခင် မလေးရှားနှင့် ဩစတေးလျတို့အား ခိုလှုံသူများ၏အခွင့်အရေးကို အာမခံရန် မလေးရှားနှင့် ဩစတေးလျရှိ ဒုက္ခသည်များမှလိုလား၏။

**မေ ၁၇။** SHAN ။ ။ ရှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် လုံခြုံရေးတင်းကျပ်ထားကြောင်း။

**မေ ၁၇ ।** Adelaide ။ ။ မြန်မာသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာယူရန် လူ့အခွင့်အရေးမှတ်တမ်း တိုးတက်မှုပြရန်လိုသည်ဟု ဩစတေးလျနှင့်ထိုင်းတို့၏မူကို လူ့အခွင့်အရေးအဖွဲ့များမှ ကြိုဆို၏။

**မေ ၁၇။** Adelaide ။ ။ ဩစတေးလျနိုင်ငံခြားရေးဝန်ကြီးသည် ယခုနှစ်အတွင်း မြန်မာသို့သွားရန်အစီအစဉ်ရှိ၏။

**မေ ၁၇။** Asia Times Online ။ ။ မြန်မာအာဏာရှင်အစိုးရ၏ မတိကျသော မဲပေးသူ၊ လူဦးရေစာရင်းများအပေါ် ကုလသမဂ္ဂသည် အလုပ်လုပ်နေလျှင် ကုလသမဂ္ဂသည် စာရင်းသွင်းမခံရသူ လူနည်းစုများနှင့် မည်သို့ဆက်ဆံနိုင်မည်နည်းဟု HRW rS David Scott Mathieson မှဝေဖန်၏။

**မေ ၁၈။** WTN ။ ။ မြန်မာခေါင်းဆောင်များနှင့် တိုက်ရိုက်ထိတွေ့မှုမှုသည် သူတို့အား တိုက်ရိုက်ဖိအားပေးနိုင်စေသည်ဟု အမေရိကန်မှဆို၏။

**မေ ၁၈။** UN ။ ။ မြန်မာသည် ကမ္ဘာ၏ ဒုတိယအကြီးဆုံး ဘိန်းထုတ်လုပ်သူဖြစ်ကြောင်း။

**မေ ၁၈။** AFP ။ ။ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ အမေရိကန် ဒုလက်ထောက်တာဝန်ခံ Joseph Yun သည် နအဖ ဝန်ကြီးဦးလွင်နှင့် မြန်မာနိုင်ငံရေးအခြေအနေသစ်ကို ဆွေးနွေး၏။

**မေ ၁၉။** ABS-CBNNEWS ။ ။ မြန်မာသမတဦးသိန်းစိန်သည် ရှေ့အပတ်တွင် တရုတ်ပြည်သို့သွားရောက်မည်။

**၁၉။** AFP ။ ။ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ အမေရိကန်ဒုလက်ထောက်တာဝန်ခံ Joseph Yun သည် ယနေ့ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံရေးအခြေအနေသစ်ကိုဆွေးနွေး၏။

**မေ ၁၈။** AFP ။ ။ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ အမေရိကန်ဒုလက်ထောက်တာဝန်ခံ Joseph Yun သည် နအဖ ဝန်ကြီးဦးလွင်နှင့်မြန်မာနိုင်ငံရေးအခြေအနေသစ်ကို ဆွေးနွေး၏။

**မေ ၁၉။** ABS-CBNNEWS ။ ။ မြန်မာသမတဦးသိန်းစိန်သည် ရှေ့အပတ်တွင် တရုတ်ပြည်သို့သွားရောက်မည်။

**မေ ၁၈။** WTN ။ ။ မြန်မာခေါင်းဆောင်များနှင့်တိုက်ရိုက်ထိတွေ့မှုမှုသည် သူတို့အား တိုက်ရိုက်ဖိအားပေးနိုင်စေသည်ဟု အမေရိကန်မှဆို၏။

**မေ ၁၈။** UN ။ ။ မြန်မာသည် ကမ္ဘာ၏ ဒုတိယအကြီးဆုံး ဘိန်းထုတ်လုပ်သူဖြစ်ကြောင်း။

**စာမျက်နှာ ၁၃ သို့**

# ပုဂ္ဂလိကကျောင်းတွေ ဖွင့်ခွင့်ပြုဖို့ အာဏာပိုင်တွေစဉ်းစား

**RFA ၊ မေ ၁၆ ။** ။ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ် နိုဝင်ဘာလက စ ပြီး မြန်မာနိုင်ငံမှာ ပုဂ္ဂလိကကျောင်းတွေ တရားဝင်ခွင့်ပြုဖို့ အာဏာပိုင်တွေ ကစဉ်းစားနေကြောင်း၊ ပုဂ္ဂလိကပညာရေးဆိုင်ရာ ဥပဒေတွေလည်း ထွက်ပေါ်လာတော့မှာဖြစ်ကြောင်းဆိုတဲ့သတင်းတွေ ပေါ်ထွက်ခဲ့ပေမဲ့ အခုထိ ဥပဒေအဖြစ်ထွက်မလာသေးပဲ ညွှန်ကြားချက်တွေပဲ ထွက်ပေါ်ခဲ့ ပါတယ်။

အဲဒီနောက် ညွှန်ကြားချက်တွေအောက်မှာ ၅ တန်းကနေ ၉ တန်းအထိဖွင့်ခွင့်ရခဲ့တဲ့ ပုဂ္ဂလိကကျောင်း ၉ ကျောင်း ရှိခဲ့ရာက အခုအခါ အရေအတွက်တိုးလာဖွယ်ရှိတယ်လို့ သိရပါတယ်။

လာမယ့်ဇွန်လ ၁၅ ရက်နေ့မှာ ဖွင့်လှစ်မယ်လို့ ကြေညာထားတဲ့ Myanmar Nobel College ကတော့ ၁၀ တန်းအောင်ပြီး သူတွေအတွက် အင်ဂျင်နီယာနဲ့ တခြားဘာသာရပ်တွေ သင်ကြားပေးမယ်လို့ တာဝန်ရှိသူတဦးက ပြောပါတယ်။

"၁၀ တန်းအောင်ပြီးသား ကလေးတွေအတွက်က engineering ဆိုလည်း civil တို့၊ mechanical တို့ပေါ့နော်။ business ဆိုလည်း business ။ Information Technology အဲလိုမျိုး ဘာသာရပ်တွေထဲက ဝါသနာပါတဲ့ဘာသာရပ်တခုကိုရွေးချယ်ပြီးတော့ foundation year 1, year 2 ဆိုပြီး နှစ်နှစ်တက်ရပါမယ်ရှင်။ ဘယ်ဘာသာရပ်ပဲဖြစ်ဖြစ်ပေါ့၊ တလကို ၃ သိန်းရှိပါတယ်။ ဖောင်ဒေးရှင်းတက်မဲ့ကလေးတွေအတွက်က ၅ လကို ၁၅ သိန်း ရှိပါမယ်။ အဲဒီအတွက် ပထမအရစ်အနေနဲ့ ၇ သိန်းခွဲသွင်းပြီးတော့ ကျောင်းအပ်လို့ရပါတယ်။ ပြည်ပမှာထွက်ပြီးတော့သင်နေတဲ့ ကလေး တွေအတွက်သည် ဥပမာ ပြည်ပမှာ တနှစ်ကို သိန်း ၁၅၀ ကုန်သော် လည်း ဒီမှာ ကိုယ့်နိုင်ငံမှာ နေပြီးတော့ ဒီပညာရပ်ကိုသင်ခြင်းအားဖြင့် ငွေကြေးကုန်ကျမှု သက်သာသွားတယ်ပေါ့နော်။"

အခုလို ပုဂ္ဂလိကကျောင်းတွေ ပေါ်ပေါက်လာတာဟာ အပြောင်းအလဲတခုလို့ဆိုနိုင်ပေမဲ့ မြန်မာ့ပညာရေးစနစ်ကြီး တခု လုံးပြောင်းလဲနိုင်တဲ့မူဝါဒမျိုး ချမှတ်ဆောင်ရွက်နိုင်မှ တကယ့် အ ပြောင်းအလဲဖြစ်နိုင်မယ်လို့ ထိုင်းနိုင်ငံအခြေစိုက် ပညာရေးပါရဂူ ဒေါက်တာသိန်းလွင်က ပြောပါတယ်။

"ပုဂ္ဂလိကကျောင်းတွေခွင့်ပြုတာ ဒါ အပြောင်းအလဲတွေထဲက တခုပေါ့။ ဒီပုဂ္ဂလိက လွတ်လပ်ခွင့်ရှိလာတာ ကြိုဆိုတယ်။ ဒါပေမဲ့ပုဂ္ဂလိကကျောင်းဖြစ်တယ်ဆိုတာ ဒါ အနည်းစုကျောင်းကလည်း နည်းနည်းပဲ၊ တတ်နိုင်တဲ့လူကလည်းနည်းနည်းပဲ။ မိဘဝင်ငွေကောင်းတဲ့ ကျောင်းသားတချို့ပဲ တက်နိုင်တယ်။ အများစုကြီးက ပုဂ္ဂလိကကျောင်း မတက်နိုင်ဘူး။"

"မြန်မာနိုင်ငံ ပညာရေးအပြောင်းအလဲဆိုရင် ကျောင်းသားအများစုကြီး ပညာကောင်းကောင်းရအောင် အပြောင်းအလဲလုပ်ဖို့လိုတယ်။ ပထမအဆင့်က ကလေးတိုင်း ပညာသင်နိုင်ဖို့လိုတယ်။နောက်တဆင့်က သင်တဲ့ပညာက အရည်အချင်းရှိတဲ့ ပညာရအောင် သင်ဖို့လိုတယ်။ ဆိုတော့ ပုဂ္ဂလိကကျောင်း တခုတည်း ခွင့်ပြုရုံနဲ့ မြန်မာနိုင်ငံပညာရေးပြောင်းသွားပြီလို့ ကျွန်တော်တို့ မခေါ် နိုင်သေးဘူး။ ဒါက ကဏ္ဍတခုပဲ ရှိတယ်။"

မြန်မာနိုင်ငံမှာ ပုဂ္ဂလိကကျောင်းတွေတိုးလာပေမဲ့ လူငယ်အများ စု လက်လှမ်းမမီနိုင်သေးပဲဖြစ်နေပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေတည်ထောင်ထားတဲ့ ဖေဒါကျောင်းလို ပညာရေးဒါနကျောင်းမျိုးကိုတော့ အာဏာပိုင်တွေက ခြိမ်းခြောက် နှောင့်ယှက်နေကြဆဲဖြစ်ပါတယ်။

---

## ကုလအချိန်ပြည့်ကိုယ်စားလှယ် ဒေါ်စုလိုလား

**RFA ၊ မေ ၂၀ ။** ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချိန်ပြည့် အထူးကိုယ်စားလှယ်တဦးထားရှိဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလိုလားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေး နမ်ဘီးယားက လုံခြုံရေးကောင်စီကို အစီရင်ခံပြောကြားခဲ့တယ်လို့ သိရပါတယ်။

မေလ ၁၃ ရက် ပြီးခဲ့တဲ့သောကြာနေ့မှာ မြန်မာနိုင်ငံက ပြန်လည်ထွက်ခွာသွားတဲ့ မစ္စတာနမ်ဘီးယားက မြန်မာနိုင်ငံခရီးစဉ်နဲ့ ပတ်သက်ပြီး မနေ့က လုံခြုံရေးကောင်စီမှာ တံခါးပိတ်အစီရင်ခံရာမှာ အခုလို ပြောကြားခဲ့တာဖြစ်ကြောင်း PTI အိန္ဒိယသတင်းဌာနက ဖော်ပြပါတယ်။

အိန္ဒိယသံအရာရှိတဦးကိုကိုးကားပြီး PTI သတင်းဌာနက ဆက်လက်ရေးသားထားရာမှာ ရွေးကောက်ပွဲအလွန်မြန်မာနိုင်ငံအခြေ

စာမျက်နှာ ၁၁ သို့

---

## အတုအယောင်လွတ်ငြိမ်းခွင့်အပေါ် သံသယဖြစ်

**RFA ၊ မေ ၁၈ ။** ။ ဦးသိန်းစိန်အစိုးရရဲ့ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်ဟာ အတုအယောင်သာဖြစ်နေတာတွေ့မြင်ရတဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆွေးနွေးမယ်လို့ ပြောနေတာဟာလည်း အတုအယောင်ပဲဖြစ်လိမ့်မယ်လို့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တချို့က ပြောဆိုနေကြပါတယ်။

စစ်အစိုးရနဲ့အပစ်ရပ်ခဲ့တဲ့ ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် UWSA ကလည်း အဲဒီလိုသံသယရှိနေကြောင်း UWSA က အမည်မဖော်လိုတဲ့ အရာရှိတဦးကပြောပါတယ်။

"သတင်းစာထဲမှာရော နောက် တီဗီမှာ ကျွန်တော်တို့ကြည့်တော့ ဗိုလ်ချုပ် ဒီ သမတသိန်းစိန်ရဲ့မိန့်ခွန်းပေါ့နော်၊ တိုင်းရင်းသားတွေကို ပြန်လည်ပြီးတော့ သင့်မြတ်ရေးဗျာ၊ အဲဒါ ခေါ်ဖို့တော့ရှိတယ်လို့ ပြောသံကြားတာပဲ။ ကျွန်တော်ထင်တာက အတုအယောင်ဆောင်ပဲ ဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့ အခု လွတ်ငြိမ်းချမ်းသာပေးတဲ့နေ့ကပဲ ခုန နိုင်ငံရေးသမားတွေမဟုတ်ပဲနဲ့ ဒုစရိုက်သမားတွေ၊ နောက် အကျဉ်းကျနေတဲ့လူဆိုတဲ့ ဟန်ပြပြီးတော့ ကမ္ဘာကလည်း ယုံကြည်အောင်ပေါ့ဗျာနော်၊ နောက်ပြီးတော့ တိုင်းရင်းသား လူထု ကလည်း ယုံကြည်အောင် သူတို့ကဟန်ပြပြီးတော့လုပ်တာပဲ ကျွန်တော် တို့မြင်တယ်လေနော၊ အဲလိုပဲ မြင်တယ်။"

အရင်စစ်အစိုးရရဲ့ နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းရေးအစီအစဉ်ကိုလက်မခံခဲ့တဲ့ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တွေ ထဲမှာ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA လည်း ပါဝင်ပါတယ်။

ဒီအတွက် စစ်အစိုးရရော လက်ရှိ ဦးသိန်းစိန်အစိုးရကပါ UWSA ကို အဆက်အဆံမလုပ်တော့ပဲ ဖြတ်လေးဖြတ် နည်းနာကျင့်သုံးနေတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ UWSA အဖွဲ့က ငြိမ်းချမ်းရေးကိစ္စ ပြန်လည်ဆွေးနွေးဖို့ မကြာသေးခင်ကကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမဲ့ အခုထိ အကြောင်းပြန်ကြားချက်မရသေးဘူးလို့ သိရပါတယ်။

# ရန်ကုန် အင်တာနက်လုပ်ငန်းများ အစိုးရသစ် မြန်မာ့ဆက်သွယ်ရေး စည်းကမ်းများပိုမိုတင်းကျပ်စွာထုတ်ပြန်

**Irrawaddy ၊ မေ ၂၀ ။** ။ ရန်ကုန်မြို့ရှိ အင်တာနက်လုပ်ငန်းများကို အစိုးရသစ် မြန်မာ့ဆက်သွယ်ရေးဌာနမှ ပိုမိုတင်းကျပ်သော စည်းကမ်းချက်အသစ်များ ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ နယ်စည်းမခြားသတင်းထောက်များအဖွဲ့ RSF က ရှုတ်ချလိုက်သည်။

မြန်မာအစိုးရ၏ ယင်းစည်းမျဉ်းသစ်များသည် အာဆီယံပဋိညာဉ်စာချုပ်ပါ အခြေခံကျသည့်လွတ်လပ်မှုများ၊ လူ့အခွင့်အရေးဆိုင်ရာကာကွယ်စောင့်ရှောက်မှုမြှင့်တင်ရေး၊ လူမှုအဖွဲ့အစည်းဆိုင်ရာ တရားမျှတမှုတိုးတက်ရေးဆိုင်ရာများအားချိုးဖောက်သည့် အပြုအမူမျိုးဖြစ်၍ လက်ခံနိုင်စရာမရှိကြောင်း RSF ၏ အင်္ဂါနေ့ကထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံရှိ အင်တာနက်အသုံးပြုသူများအား ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသောအကြောင်းအရာများနှင့် ပြတ်တောက်သွားစေရန် အစိုးရအနေဖြင့် အင်တာနက်တင်းကျပ်မှုများကို ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်သည်ဟုလည်း RSF က ပြောဆိုသည်။

ထို့အပြင် RSF ကြေညာချက်၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာအစိုးရသစ်အား ဒေသတွင်းဆိုင်ရာအဖွဲ့အစည်းများက ချမှတ်ထားသည့်စည်းကမ်းဥပဒေများကို လိုက်နာစောင့်ထိန်းရန် တွန်းအားပေးသင့်သည်ဟု တိုက်တွန်းထားသည်။

မြန်မာ့ဆက်သွယ်ရေး၏ လတ်တလောထုတ်ပြန်လိုက်သည့် Public Access Centre -PAC များ လိုက်နာရမည့်စည်းကမ်းချက် ဥပဒေတွင် အချက် ၁၂ ချက်ပါဝင်ပြီး လိုက်နာခြင်းမရှိပါက လိုင်စင်ပိတ်သိမ်း အရေးယူသွားမည်ဟုဆိုသည်။

စည်းကမ်းချက်များတွင် အင်တာနက်ဆိုင်များသည် လာရောက်အသုံးပြုသူများ၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ နိုင်ငံခြားသား ဖြစ်လျှင် နိုင်ငံကူးလက်မှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ လိပ်စာများ ကိုမှတ်ပုံတင်ထားရှိရမည် စသည်တို့ ပါဝင်သည်။

အင်တာနက်စနစ်ကိုအသုံးချ၍ မြန်မာ့ဆက်သွယ်ရေးမှ ခွင့်ပြုထားခြင်းမရှိသည့် နိုင်ငံတကာဖုန်းခေါ်ဆိုမှုများကိုလည်း မပြုလုပ်ရဟု ပါဝင်သည်။ ထို့အပြင် အင်တာနက်ဆိုင်များ၏ ကွန်ပျူတာများတွင် Floopy Drive ၊ CD Drive ၊ USB Port နှင့် အခြား External Drive များတပ်ဆင်ထားခြင်း၊ အသုံးပြုခြင်းမပြုရဟုလည်း ဖော်ပြထားသည်။

ထို့အပြင် PAC များသို့ ဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက လိုအပ်ပါက ဝင်ရောက်စစ်ဆေးမှုများလည်း ပြုလုပ်ပိုင်ခွင့်ရှိကြောင်းနှင့် နိုင်ငံတော်၏ လုံခြုံရေးနှင့်အကျိုးစီးပွားကိုထိခိုက်စေနိုင်သည့် သတင်းအချက်အလက်ပေါက်ကြားမှုများ မရှိစေရန် အင်တာနက်ဆိုင်များသည် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဖောက်ဖျက်လျှင် ဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဟု မြန်မာ့ဆက်သွယ်ရေး၏ စည်းကမ်းချက်များ၌ပါရှိသည်။

အင်တာနက်ဆိုင်ရှင်များအနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သုံးစွဲသူမှတ်တမ်းအား ၁ လ တကြိမ်ပေးပို့ရန်၊ မြန်မာ့ဆက်သွယ်ရေးမှ တရားဝင်ခွင့်ပြုထားခြင်းမရှိသော Software များ၊ Program များ အသုံးမပြုရန် စသည့် အင်တာနက်ဆိုင်များနှင့်ပတ်သက်၍ တင်းကျပ်သည့်ဥပဒေများထုတ်ပြန်မှုကြောင့် အခက်အခဲကြုံနေကြရကြောင်း အင်တာနက်ဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"USB အသုံးပြုတာတွေတားမြစ်ထားတော့ ကျနော်တို့အနေနဲ့ အခက်ကြုံရတယ်၊ သုံးစွဲသူလူငယ်တွေအများစုက Memory Stick လေးတွေထဲမှာ သီချင်းကူးတာတွေ၊ ဝက်ဘ်ဆိုက်တွေကနေ သူတို့လိုချင်တဲ့အချက်အလက်တွေကူးယူတာမျိုး သုံးကြတာဆိုတော့ ဆိုင်ကစက်တွေမှာ CD Drive တို့ USB port တို့ မတပ်ထားရင် အဆင်မပြေဘူး၊ စည်းကမ်းထုတ်ထားတော့ ကျနော်တို့ဆိုင်က နိုင်ငံတကာဖုန်းခေါ်တဲ့ဝန်ဆောင်မှုကို လျှော့ချလိုက်တယ်၊ ကျန်တာကတော့ သုံးစွဲသူတွေအဆင်ပြေအောင် ဝန်ဆောင်မှုပေးနေဆဲပါ"ဟု ရန်ကုန်ကမာရွတ်မြို့နယ် လှည်းတန်းရှိ အင်တာနက်ဆိုင်ရှင်တဦးကပြောပြသည်။

ယခင်က အင်တာနက်ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် လုပ်ငန်းလိုင်စင်ကြေးများကို မြန်မာအင်ဖိုတက်ဝင်းအတွင်းရှိ မြန်မာတယ်လီပို့ သို့ ပေးဆောင်ရပြီး ယခုလမှစတင်ကာ မြန်မာ့ဆက်သွယ်ရေးသို့ပေးဆောင်ရန်ညွှန်ကြားထားပြီး လိုင်စင်ကြေးသွားသွင်းသည့် ဆိုင်ရှင်များအား အဆိုပါစည်းကမ်းချက်များပေးသည်ဟု ရန်ကုန်မြို့တောင်ဥက္ကလာပ မြို့နယ်မှ အင်တာနက်ဆိုင်ရှင် မသင်းသင်း က ပြောပြသည်။

"လွန်ခဲ့တဲ့ ၂ လ လောက်ကစပြီးတော့မှ နိုင်ငံတကာ ဖုန်းခေါ်ဆိုမှုတွေမပြုလုပ်ဖို့ စည်းကမ်းထုတ်ပါတယ်၊ Voice Mail မှန်သမျှ ပေးမသုံးတာပါ၊ ဒီလိုထုတ်ပြန်လိုက်တဲ့အတွက် နိုင်ငံတကာကို ဖုန်းခေါ်ဆိုကြမယ့် သုံးစွဲသူတွေက အရေးယူခံရမှာစိုးရိမ်ပြီး လာရောက်သုံးစွဲသူတော့နည်းသွားပါတယ်၊ အစ်မတို့ဆိုင်ကတော့ သုံးစွဲသူကခေါ်ချင်ရင် ခေါ်ပေးပါတယ်၊ သူတို့စည်းကမ်းတွေအတိုင်း လိုက်နာနေရင်တော့ ဘာမှ လုပ်ကိုင်လို့ရတော့မှာမဟုတ်ဘူး"ဟုလည်း ဆိုသည်။ အင်တာနက်လုပ်ငန်းရှင်များသည် ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေနှင့် ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၂ အရ တားမြစ်ချက်များ အခါအားလျော်စွာ အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းလည်း သိရသည်။

---

**စာမျက်နှာ ၁၀ မှ**

အနေနဲ့ပတ်သက်လို့ မစ္စတာနမ်ဘီးယားရဲ့သုံးသပ်ချက်ဟာ အတော်ကလေးအပြုသဘောဆောင်တယ်လို့ ဖော်ပြထားပါတယ်။ ဒါပေမယ့် ပြုပြင်ပြောင်းလဲရေးလုပ်မယ်ဆိုတဲ့ကတိတွေကို လက်တွေ့အကောင်အထည်ဖော်ဖို့လိုအပ်ကြောင်း မစ္စတာနမ်ဘီးယားက ပြောကြားခဲ့တယ်လို့လည်း ဆိုပါတယ်။

ဒါ့ပြင် မြန်မာအစိုးရက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ သောမတ် ကင်တားနားကို ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံခွင့်ပြုဖို့ ငြင်းဆန်ခဲ့တဲ့ကိစ္စကိုလည်း လုံခြုံရေးကောင်စီမှာ မနေ့က ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ မစ္စတာ ကင်တားနားဟာ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး စုံစမ်းရေးကော်မရှင်တရပ်ဖွဲ့စည်းဖို့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို တောင်းဆိုထားတာပါ။

မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေဖြစ်ပေါ်လာဖို့အတွက်ထိတွေ့ဆက်ဆံတဲ့နည်းလမ်းဟာ ပိုပြီးအကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံတမန်က လုံခြုံရေးကောင်စီမှာ အကြံပြုဆွေးနွေးခဲ့တယ်လို့လည်း သတင်းမှာဖော်ပြထားပါတယ်။

# လူ့အခွင့်အရေး အစီရင်ခံစာအတွက် ကင်တားနား အချက်အလက်စုဆောင်း

**VOA | မေ ၁၈ ။** ။ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tomas Ojea Quintana) မြန်မာအတိုက်အခံနိုင်ငံရေး အဖွဲ့အစည်းတွေနဲ့ ထိုင်းနိုင်ငံမှာ တွေ့ဆုံနေပါတယ်။ မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂမှာတင်ပြသွားဖို့အတွက် လူ့အခွင့်အရေး အထူးကိုယ်စားလှယ်စုံစမ်းစစ်ဆေးမှုတွေလုပ်ဆောင်နေပါတယ်။ မြန်မာနိုင်ငံတွင်းကိုဝင်ခွင့်မရ သေး တဲ့အတွက် အိမ်နီးချင်း ထိုင်းနိုင်ငံမှာ မြန်မာ့အရေး လှုပ်ရှားသူတွေ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူတွေနဲ့တွေ့ဆုံပြီး အချက်အလက်တွေကို စုဆောင်းနေတာပါ။ ဒီအကြောင်းနဲ့ပတ်သက်လို့ အထူးကိုယ်စားလှယ်ကိုဆက်သွယ်မေးမြန်းထားတဲ့ကိုအောင်လွင်ဦးကတင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံတွင်းက လူ့အခွင့်အရေးအခြေအနေတွေနဲ့ ပတ်သက်လို့ ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ အောက်တိုဘာလကျရင် တင်ပြသွားနိုင်ဖို့ အချက်အလက် ရှာဖွေတဲ့ အနေနဲ့ မြန်မာ့အရေး လှုပ်ရှားသူတွေ၊ လူ့အခွင့်အရေးလှုံ့ဆော်နေသူတွေနဲ့ အထူးကိုယ်စားလှယ် တွေ့ဆုံနေတာ ဖြစ်ပါတယ်။ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် တောမတ်စ် အိုဟေး ကင်တားနားဟာ တနင်္ဂနွေနေ့ကစတင်ပြီး မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းထိုင်းနိုင်ငံမှာ သီတင်းတပတ်ကြာ ခရီးစဉ်အဖြစ် ရောက်နေတာပါ။

"ကျနော့်ရဲ့ ထိုင်းနိုင်ငံ ခရီးစဉ်အတွင်းမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ အခြေအနေတခုလုံးကိုသိရအောင် ဆောင်ရွက်နေပါတယ်။ ဒီအထဲမှာ မတရားဖမ်းဆီး ချုပ်နှောင်ခံထားရတာတွေနဲ့ ပတ်သက်လို့ မေးခွန်းထုတ်စရာကိစ္စတွေ ပါဝင်မှာဖြစ်သလိုပဲ လူ့အခွင့်အရေးနဲ့ ဆိုင်တဲ့ တခြားမေးခွန်းတွေလည်း ပါမှာပါ။ တိုင်းရင်းသား လူမျိုးစုတွေရဲ့ အခြေအနေလို ကိစ္စမျိုးတွေလည်း ပါဝင်မှာဖြစ်ပါတယ်။"

ခရီးစဉ်အတွင်း မြန်မာနိုင်ငံတဝန်း ထောင်တွေထဲမှာ ဖမ်းဆီးခံထားရတဲ့ နိုင်ငံရေး အကျဉ်းသားတွေကိစ္စ၊ တိုင်းရင်းသားဒေသတွေက ပဋိပက္ခတွေကြောင့် ဒေသခံတွေ ထွက်ပြေးတိမ်းရှောင်နေရတဲ့ ကိစ္စတွေကအစ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကြောင့် ထိခိုက်နစ်နာမှုတွေ ရှိနေရတဲ့ အခြေအနေတွေကို စုံစမ်းပြီး အချက်အလက်တွေ စုဆောင်းသွားဖို့လည်း မျှော်လင့်ရပါတယ်။

ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလမှာတုန်းက မြန်မာနိုင်ငံကို နောက်ဆုံးသွားရောက်ခဲ့တဲ့ အထူးကိုယ်စားလှယ်အနေနဲ့ နောက်ထပ် အချက်အလက်စုဆောင်းဖို့ မြန်မာနိုင်ငံတွင်း သွားရောက်ခွင့်မရဘဲဖြစ်နေချိန်မှာအခုလိုအိမ်နီးချင်းထိုင်းနိုင်ငံမှာလေ့လာစုံစမ်းမှုတွေလုပ်ဆောင်နေတာပါ။ မြန်မာနိုင်ငံကို နောက်တကြိမ် ဝင်ခွင့်ရဖို့ ခွင့်ပြုချက်တောင်းထားပေမဲ့ မြန်မာအာဏာပိုင်တွေက အခုအချိန်အထိ လက်မခံငြင်းဆန်နေဆဲဖြစ်တယ်လို့လည်း လူ့အခွင့်အရေး အထူးကိုယ်စားလှယ်က ပြောပါတယ်။

"ဒီခရီးစဉ်အတွက် လောလောဆယ် မအားသေးပါဘူးလို့ အစိုးရ ဘက်က တုံ့ပြန်ထားပါတယ်။ ဒါပေမဲ့လည်း ကျနော့်ရဲ့ နောက်ထပ် ခရီးစဉ်အတွက် ထပ်ပြီး ခွင့်ပြုချက် တင်သွားမှာဖြစ်ပြီး အစိုးရကလည်း ဒါကို လက်ခံမယ်လို့ မျှော်လင့်ပါတယ်။"

အထူးကိုယ်စားလှယ် ကင်တားနားဟာဆိုရင် မြန်မာနိုင်ငံတွင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိနေတာတွေဟာ စစ်ရာဇဝတ်မှုနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုမြောက်တဲ့ အဆင့်အထိ ရောက်နေပြီလားဆိုတာ ကုလသမဂ္ဂကနေ ကော်မရှင်တရပ်ဖွဲ့စည်းစုံစမ်းသွားဖို့ တိုက်တွန်းနေသူ တဦးလည်း ဖြစ်ပါတယ်။ဒီနှစ်ဆန်းပိုင်းကပဲ တရားဝင်ဖွဲ့စည်းလိုက်တဲ့ မြန်မာအစိုးရကတော့ လူ့အခွင့်အရေးအ ခြေအနေတွေ တိုးတက်ကြောင်း ပြသဖို့ ကုလသမဂ္ဂအပါအဝင် ပြည်တွင်းပြည်ပက ဖိအားပေးတောင်းဆိုမှုတွေရှိနေချိန်မှာပဲနိုင်ငံရေး အကျဉ်းသားတချို့ အပါအဝင်အကျဉ်းသား ၁၅,၀၀၀ လောက်ကိုလွှတ်ပေးခဲ့တာပါ။ ဒါပေမဲ့လည်း လူ့အခွင့်အရေးကိုယ်စားလှယ်ကတော့ နိုင်ငံရေးအကျဉ်းသား ၄၇ ယောက်ထက်မနည်းလွှတ်မြောက်လာတာဟာ ကြိုဆိုစရာဖြစ်ပေမဲ့ ဖမ်းဆီးထားတဲ့ အရေအတွက်နဲ့ စာရင်မပြောပလောက်တဲ့ ပမာဏဖြစ်နေဆဲပဲလို့ ပြော ပါ တယ်။

"ဒီ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဟာ လုံလောက်မှု မရှိသလိုစိတ်ပျက်စရာလည်း ကောင်းပါတယ်။ ဒီ နိုင်ငံရေးအကျဉ်းသားအနည်းအကျဉ်းလောက်ဟာ တိုင်းပြည်မှာရှိနေတဲ့ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ရှိနေတာကို ရောင်ပြန်ထင်ဟပ် ပြသမနေပါဘူး။ ဒီလိုပဲ အစိုးရက အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းတွေစတင်ဖို့အတွက် စစ်မှန်တဲ့ ဆန္ဒမရှိဘူးဆိုတာကိုလည်း ပြသရာရောက်နေပါတယ်။"

ထိုင်းနိုင်ငံ ခရီးစဉ်အတွင်း ကြာသပတေးနေ့မှာတော့ အထူးကိုယ်စားလှယ်ဟာ ပြည်ပအခြေစိုက်လူ့အခွင့်ရေးအဖွဲ့အစည်းတွေ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေအပါအဝင်တက်ကြွလှုပ်ရှားသူတွေနဲ့လည်း တွေ့ဆုံသွားဦးမှာပါ။ ခရီးစဉ်အဆုံးမသတ်မီ သောကြာနေ့မှာတော့ သူ စုဆောင်းရရှိတဲ့ အချက်အလက်တွေနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ သတင်းစာရှင်းလင်းပွဲတခုပြုလုပ်သွားဖို့ စီစဉ်ထားတယ်လို့လည်း လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ကင်တားနားက ပြောပါတယ်။

---

**စာမျက်နှာ ၁၀ မှ**

NGO တွေ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တွေ စီးပွား ရေး လောကသားတွေအပါအဝင် မြန်မာ့အရေးမှာ အကျိုးဝင်ပတ်သက်နေသူအများအပြားနဲ့လည်း တွေ့ဆုံဆွေးနွေးမှာဖြစ်ပါတယ်။"

အမေရိကန်နိုင်ငံခြားရေးဌာန လက်ထောက်ပြောခွင့်ရသူ မာ့ခ်တုန်နာ ပြောကြားသွားတာဖြစ်ပါတယ်။

မစ္စတာယွန်းဟာ ၂၀၁၀ ဒီဇင်ဘာမှာ မြန်မာနိုင်ငံကို ပထမတကြိမ်သွားရောက်ခဲ့ဖူးပါတယ်။ အခုကတော့ သမ္မတဦးသိန်းစိန် တက်လာပြီးနောက်မှာ ပထမဆုံးအကြိမ်သွားရောက်တာဖြစ်ပါတယ်။ သူဟာ မြန်မာအစိုးရသစ်မှာပါဝင်လာသူတွေနဲ့တွေ့ဆုံမယ့် အဆင့်အမြင့်ဆုံး အမေရိကန်အစိုးရအရာရှိလည်း ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာတာကို အမေရိကန်အစိုးရကကြိုဆိုတယ်လို့ပြောခဲ့ပြီး မကြာခင်ကကျင်းပခဲ့တဲ့ ရွေးကောက်ပွဲဟာ တရားမျှတမှုမရှိဘူးလို့ပြောကြားသွားပါတယ်။ နိုင်ငံရေး အကျဉ်းသားအားလုံးလွှတ်ပေးဖို့ကိုလည်း အမေရိကန်အစိုးရက တစိုက်မတ်မတ်တောင်းဆိုနေပါတယ်လို့ အင်္ဂါနေ့ကလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာ အမေရိကန်နိုင်ငံခြားရေးဌာန လက်ထောက် ပြောခွင့်ရသူကပြောကြားသွားပါတယ်။

# ရန်ကုန်အင်းစိန်ထောင်တွင်း အစာငတ်ခံဆန္ဒပြမှုဖြစ်

**Mizzima | မေ ၂၀ ။** ။ ရန်ကုန်မြို့ အင်းစိန်ထောင်ရှိ အမျိုးသမီးဆောင်တွင် နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအမျိုးသမီးအချို့ အစာငတ်ခံဆန္ဒပြနေကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း - မြန်မာနိုင်ငံ AAPP အတွင်းရေးမှူး ဦးတိတ်နိုင်ကပြောသည်။

"ကျနော်တို့သိရသလောက်ကတော့ ၁၇ ရက်နေ့ကတည်းက အင်းစိန်ထောင်အမျိုးသမီးဆောင်မှာ ဆန္ဒပြနေတယ်လို့သိရပါတယ်။ အဓိကက အစာငတ်ခံဆန္ဒပြတာပါ။ ၁၆ ရက်နေ့ကထုတ်လိုက်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အပေါ်မှာ မကျေနပ်လို့ ဆန္ဒပြတယ်လို့ သိရပါတယ်" ဟု ဦးတိတ်နိုင်ကပြောသည်။

အကျဉ်းဦးစီးဌာနကို မဇ္ဈိမက ဆက်သွယ်မေးမြန်းရာ ဖြေကြားရန်ငြင်းဆန်လိုက်သည်။ နိုင်ငံရေးအကျဉ်းသားများအရေး ကူညီစောင့်ရှောက်နေသူ innsein ရန်ကုန်မြို့ရှိ တက်ကြွလှုပ်ရှားသူတဦးကတော့ ဦးသိန်းစိန်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးဟန်ဆောင်သောကြေညာမှုအပေါ် ရှုတ်ချသောအနေဖြင့် အဆောင် ၇ မှ အမျိုးသမီးများ ဆန္ဒပြခြင်းဖြစ်သည်ဟု ဆိုသည်။

ဆန္ဒပြသူအရေအတွက်ကိုမပြောနိုင်သော်လည်း မဉ္ဇူမာမြင့်၊ မသန္တာအောင်နှင့် မအေးချမ်းတို့ ပါဝင်သည်ဟုဆိုသည်။ သောကြာနေ့ ထောင်ဝင်စာတွေ့ရာတွင် မဉ္ဇူမာမြင့်က အစားအသောက်များကို လက်မခံဘဲပြန်ပေးလိုက်သည်ဟု ဆိုသည်။

အကျဉ်းဦးစီးဝန်ထမ်းတဦးအပြောအရ မဉ္ဇူမာမြင့်နှင့်မသန္တာတို့ ကျန်းမာရေးမကောင်းဘဲ ဆေးကုသမှုခံယူနေရသည်ဟု ဆိုသည်။ သတင်းအမှောင်ချခံထားရသော ထောင်တွင်းအစာငတ်ခံဆန္ဒပြမှုက နိုင်ငံရေးအကျဉ်းသားများ၏မိသားစုဝင်များကို စိုးရိမ်ပူပန်မှုများ တိုးနေစေတော့သည်။

"ကျနော်လည်း ဒီမနက်ပဲသိရတယ်။ လူဦးရေတော့ အတိအကျမသိရသေးဘူးခင်ဗျ" ဟု အဆိုပါအဆောင် ၇ မှ အကျဉ်းကျနေသူ အမျိုးသမီးတဦး၏ခင်ပွန်းက မဇ္ဈိမကို ပြောဆိုသည်။

AAPP ၏ မေလ ၃ ရက် ထုတ်ပြန်သည့်စာရင်းဇယားများ အရ အင်းစိန်ထောင်တွင် နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူပေါင်း ၄၂၀ ရှိပြီး၊ ထိုအထဲတွင် အမျိုးသမီး ၃၀ ကျော်ပါဝင်သည်။ မြန်မာတနိုင်ငံလုံးတွင် နိုင်ငံရေးအကျဉ်းသူ ၁၅၆ ဦးနှင့် နိုင်ငံရေးအကျဉ်းသားပေါင်း ၂၀၆၀ ဦး ရှိနေဆဲဖြစ်သည်ဟုဆိုသည်။

အကျဉ်းသားအခွင့်အရေးလျှော့ပေးမှုတွင် လွတ်ရက်စေ့သော နိုင်ငံ ရေးအကျဉ်းသား ၅၀ ကျော် လွတ်မြောက်လာခဲ့သည်။

## ပြည့်ဒိန်မှ

**မေ ၁၉၊** AsianNews.it ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် မကြာမီ ရန်ကုန်ပြင်ပသို့သွားရောက်မဲဆွယ်ဟောပြောမည်ဟု သတင်းထောက်များအား သူမမှ ဆို ကြောင်း။

**မေ ၁၉၊** Irrawaddy ။ ။ ၁၉၉၀ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်မဲရ NLD အမတ်လောင်းဦးကျော်ဆန်း ၇၉နှစ် သည် မေ ၁၇ ကန့် သတ်လွတ်ငြိမ်းချမ်းသာ ခွင့်ရပြီးလွတ်ခဲ့၏။ အစိုးရသစ်၏ တနှစ်လျှော့ကင်းလွတ်ခွင့်သည် ဆင်ပါးစပ်နှမ်းပက်သလိုဖြစ်ကြောင်းဖြင့်လည်းဝေဖန်၏။

**မေ ၁၉၊** Irrawaddy ။ ။ မြန်မာစစ်တပ်–မြောက်ပိုင်းတိုင်းသည် ကချင်တပ်များအား လက်ရှိစခန်းမှတပ်ခေါက်ရန်ဟုယူဆရသော မော်တာများဖြင့်ပစ်ခတ်ခဲ့ကြောင်း။

**မေ ၁၉၊** Mizzima ။ ။ KIO သည် မြန်မာ ခလရ ၁၄၂ သို့ ကချင်တပ်မ ၅ နှင့် ၄၅ မိုင်ခန့်အကွာမှ တပ်ခေါက်ရန်သတိပေးစာပေးပို့ခဲ့ကြောင်း။

**မေ ၁၉၊** Mizzima ။ ။ မြဝတီတယ်လီဖုံးရုံးဂိတ်ဝတွင် ယနေ့နံက် ၈ နာရီခန့်တွင် ဗုံးကွဲခဲ့ကြောင်း။ ဆက်သွယ်မှုအပျက်အစီးမရှိခဲ့ကြောင်း။

**မေ ၁၉၊** Mizzima ။ ။ ထောင်မှလွတ်လာစ ဟစ်ဟော့ပ်အဆိုတော်ဇေယျာသော်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံလိုကြောင်း။

**မေ ၁၉၊** DVB ။ ။ ပူတာအိုတွင် လွတ်လာသူ နိုင်ငံရေးအကျဉ်းကျသုံးဦးသည် ပိုက်ဆံမပြည့်စုံ ရပ်ဝေးတွင်အလွတ်ခံရ၍ အခက်အခဲကြုံနေကြောင်း။

**မေ ၁၉၊** DVB ။ ။ နေပြည်တော်အနီး ရထားဗုံးပေါက်မှုသည် မိမိတို့နှင့်မဆိုင်ဟု ကေအင်ယူမှုဆို၏။

## မြန်မာ၏လွတ်ငြိမ်းချမ်းသာခွင့် လုံခြုံရေးကောင်စီတင်

**RFA | မေ ၂၁ ။** ။ မြန်မာအစိုးရက နိုင်ငံရေးအကျဉ်းသား အနည်းငယ်ကို လွတ်ငြိမ်းချမ်းသာခွင့်မှာ ထည့်သွင်းလွှတ်ပေးခဲ့တာဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကို ခြေလှမ်း လှမ်းလိုက်တာဖြစ်ပေမယ့် မျှော်လင့်ထားတာထက်နည်းလွန်းနေကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးအကြံပေးအရာရှိ ဗီဂျေးနမ်ဘီးယား က လုံခြုံရေးကောင်စီကို တင်ပြလိုက်ပါတယ်။

သုံးရက်ကြာမြန်မာခရီးစဉ်နဲ့ လေ့လာတွေ့ရှိချက်တွေကို လုံခြုံရေးကောင်စီကို မေလ ၁၉ ရက်နေ့က တံခါးပိတ် တင်ပြအစီရင်ခံရာမှာ မစ္စတာနမ်ဘီယားက အခုလို ပြောကြားခဲ့တာဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ပြောခွင့်ရပုဂ္ဂိုလ် Mr. Martin Nesirky က သတင်းထောက်တွေကို မနေ့ကပြောပါတယ်။

ထောင်ဒဏ်လျှော့ပေါ့တာနဲ့ နိုင်ငံရေးအကျဉ်းသားတချို့ လွှတ်ပေးတာဟာ မှန်ကန်တဲ့လမ်းကြောင်းပေါ် ခြေလှမ်းငယ်လှမ်းတာဖြစ်ပေမယ့် မျှော်လင့်ထားတာထက်နည်းပြီး မလုံလောက်ဘူးလို့ Mr. Martin Nesirky ကပြောပါတယ်။ မြန်မာအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လမ်းပြမြေပုံကိုလက်မခံတဲ့ နိုင်ငံရေးအဖွဲ့စည်းအားလုံး ငြိမ်းချမ်းရေးတံခါးဖွင့်ထားတယ် လို့ပြောဆိုချက်အပေါ် ကြိုဆိုတယ်လို့လည်း မစ္စတာနမ်ဘီယားက ပြောပါတယ်။

မြန်မာနိုင်ငံက နိုင်ငံရေး၊ စီးပွားရေးစိန်ခေါ်ချက်တွေနဲ့ ဒီပြဿနာတွေပြေလည်အောင်ဖြေရှင်းရာမှာ နိုင်ငံစည်းလုံးညီညွတ်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံဖြေရှင်းဖို့လိုကြောင်း မြန်မာအစိုးရက အသိအမှတ်ပြုခဲ့တာကို ကြိုဆိုကြောင်း အစိုးရက လုပ်ဆောင်ဖို့ပြောဆိုထားတာတွေဟာ အားရစရာရှိပေမယ့် နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံယုံကြည်လာဖို့ကတော့ ခေါင်းဆောင်မှုနဲ့ မူဝါဒတွေမှာ လက်တွေ့လုပ်ဆောင်မှုတွေအပေါ်မူတည်ကြောင်း မစ္စတာနမ်ဘီယားက တင်ပြခဲ့တယ်လို့ သိရပါတယ်။

တချိန်တည်းမှာ လုံခြုံရေးကောင်စီဆွေးနွေးပွဲအပြီး သတင်းထောက်တွေနဲ့တွေ့ဆုံရာမှာ ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီး Mark Grant က ဗြိတိန်အနေနဲ့ မြန်မာနိုင်ငံကို မကြာခဏ သွားရောက်လည်ပတ်ပြီး မြန်မာ့အရေးဆောင်ရွက်နိုင်တဲ့ အချိန်ပြည့် အမြဲတမ်း ကုလသမဂ္ဂအထူးကိုယ်စားလှယ်တဦးခန့်ဖို့ သဘောတူကြောင်း အကျဉ်းသားလွှတ်ပေးရာမှာ နိုင်ငံရေးအကျဉ်းသား ၂ ရာ ခိုင်နှုန်း ကျော်သာပါဝင်ခဲ့တယ်လို့လည်း ဗြိတိန်သံအမတ်ကြီးက ဝေဖန်ပြောကြားခဲ့ပါတယ်။

# အစိုးရသစ် လက်ထက် အမေရိကန် အဆင့်မြင့် သံတမန် မြန်မာပြည်သွားမည်

**VOA၊ မေ ၁၈ ။** ။ အမေရိကန်ပြည်ထောင်စု အရှေ့အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Joseph Yun ဟာ ဒီကနေ့ မြန်မာနိုင်ငံကို ရောက်ရှိလာပြီး မြန်မာနိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ဦးသိန်းစိန်ဦးဆောင်တဲ့ အရပ်သားအစိုးရသစ် ဖွဲ့ပြီးတဲ့နောက်ပိုင်း မြန်မာအစိုးရသစ်တာဝန်ရှိသူတွေနဲ့ အမေရိကန်အကြီးတန်း သံတ မန်တို့ပထမဆုံးအကြိမ်တွေ့ဆုံတဲ့ ခရီးစဉ်လည်းဖြစ်ပါတယ်။ ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ အမေရိကန် ပြည်ထောင်စုရဲ့ သဘောထားနဲ့ ခရီးစဉ်အတွင်း ဘယ်လိုအကြောင်းရပ်တွေ ဆွေးနွေးဖွယ်ရှိသလဲဆိုတာ ကိုသားညွှန့်ဦးက စုံစမ်းမေးမြန်းပြီး တင်ပြပေး ထားပါတယ်။

မစ္စတာယွန်းဟာ မြန်မာအစိုးရသစ် တက်ပြီး ပထမဆုံးမြန်မာနိုင်ငံကို ရောက်လာတဲ့ အမေရိကန် အကြီးတန်း သံတမန် ဖြစ်ပါတယ်။ ဒီခရီးစဉ် အတွင်းမှာတော့ မြန်မာအစိုးရ တာဝန်ရှိသူတွေနဲ့ နေပြည်တော်မှာ တွေ့ဆုံမှာဖြစ်သလို မြန်မာ့ဒီမိုကရေစီ အင်အားစုတွေ၊ နိုင်ငံရေးပါတီတွေ၊ လူထုအခြေပြု လူမှုအဖွဲ့အစည်းက တာဝန်ရှိသူတွေနဲ့လည်း တွေ့ဆုံဖို့ရှိပါတယ်။ ဒီကနေ့ နေပြည်တော်မှာ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ တွေ့ဆုံခဲ့ပြီလို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ကတော့ဒီခရီးစဉ်ကနေရလဒ်ကောင်းတွေ ချက်ချင်း ထွက်လာမယ်လို့ မျှော်လင့်ချက် မထားပါဘူး။ အခု ဒီဆက်ဆံရေး အပိုင်းမှာလည်း အကဲစမ်းချက်အချို့ ရှိတယ်လို့ အမေရိကန် နိုင်ငံခြားရေးဌာန ယာယီ ပြောခွင့်ရသူမာ့ခ်တုန်နာ (Mark Toner) က ပြောပါတယ်။

"အမေရိကန် ပြည်ထောင်စုရဲ့မြန်မာနဲ့ ပတ်သက်လို့ နှစ်လမ်းသွား ချဉ်းကပ်မှုအရ ဒီခရီးစဉ် ဖြစ်လာတာပါ။ အကောင်းမြင် မျှော်လင့်ချက်ကြီးတော့မထားပါဘူး။ ဆက်ဆံရေးပိုင်းမှာ သတိတကြီးဖြေရှင်းရမယ့် စိန်ခေါ်ချက်တချို့ ရှိနေတယ်ဆိုတာ သိထားပါတယ်။ ဒါပေမဲ့လည်း ဖိအားပေးတာရော တိုက်ရိုက်ထိစပ်ဆက်ဆံသွားဖို့ရော နှစ်ခုစလုံးပါတဲ့ ချဉ်းကပ်မှုကိုတော့ ဆက်လုပ်သွားရမှာပါ။"

မစ္စတာယွန်းဟာ ဒီနေ့ မေလ ၁၈ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ မြန်မာနိုင်ငံမှာ ရောက်ရှိနေမှာ ဖြစ်ပါတယ်။ အစိုးရသစ်နဲ့ အခုလိုထိစပ် ဆက်ဆံသွားမယ်ဆိုပေမဲ့ အမေရိကန်ပြည်ထောင်စုအနေနဲ့ အခုအစိုးရသစ်ဖြစ်လာစေတဲ့ ပြီးခဲ့တဲ့ ရွေးကောက်ပွဲကို ထောက်ခံတာရယ်လို့ မဟုတ်ပါဘူး။

"ဒီရွေးကောက်ပွဲ လုပ်ငန်းစဉ်မှာ အတော်လေး အားနည်းချက်တွေရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ရွေးကောက်ပွဲရလဒ်ဟာ လွတ်လပ်ပြီး တရားမျှတတယ်လို့ မယူဆပါဘူး။"

နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ မာ့ခ်တုန်နာက မနေ့ကသတင်းစာ ရှင်းလင်းပွဲမှာ ပြောသွားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်းကူးပြောင်းရေးမှာ အဓိကကျတဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင်ဒီမိုကရေစီအတိုက်အခံတွေကို ဖယ်ထုတ်ထားတယ်လို့ အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေက ယူဆထားပါတယ်။

လှုပ်ရှားတက်ကြွသူ အများစုဟာ အကျဉ်းထောင်တွေထဲမှာပဲ ရှိနေဆဲပါ။ ဒါကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာတဲ့ တိုးတက်မှုအချို့ကို မြင်တွေ့ခဲ့ရပေမဲ့ နိုင်ငံရေး အကျဉ်းသားအားလုံးကို လွှတ်ပေးရမယ်ဆိုတာကိုတော့ အမေရိကန်ပြည်ထောင်စုဘက်က ဆက်ပြီး တောင်းဆိုသွားမယ်လို့ နိုင်ငံခြားရေးဌာနပြောခွင့်ရသူက ပြောခဲ့ပါတယ်။

အခုခရီးစဉ်အပေါ် မျှော်လင့်ချက်ကြီးကြီး မထားပေမဲ့လည်း ဒီခရီးစဉ်ဟာ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာအစိုးရနဲ့ ထိတွေ့ဆက်ဆံလိုတယ်ဆိုတဲ့ သဘောထားကို ပြသလိုခြင်းဖြစ်တယ်လို့ မာ့ခ်တုန်နာက ပြောပါတယ်။

"ဒီခရီးစဉ်ဟာ ကျနော်တို့ရဲ့ မြန်မာအစိုးရနဲ့ ဆက်လက်ပြီး ထိ တွေ့လိုတဲ့ ဆန္ဒကို ထင်ဟပ်ခြင်းပဲ ဖြစ်ပါတယ်။ ပြီးတော့ မြန်မာပြည်သူတွေ၊အရပ်သားအဖွဲ့အစည်းတွေနဲ့ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမယ်ဆိုတဲ့ သဘောလည်းဖြစ်ပါတယ်။ ဒု-လက်ထောက်ဝန်ကြီးယွန်းဟာ မြန်မာအစိုးရ အရာရှိကြီးတွေနဲ့ မိတ်ဆက်တွေ့ဆုံမှုပြုလုပ်ပြီး နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေ၊ NGO တွေ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တွေ၊ စီးပွားရေးလောကသားတွေ အပါအဝင် မြန်မာ့အရေးမှာ အကျိုးဝင်ပတ်သက်နေသူ အများအပြားနဲ့လည်း တွေ့ဆုံ ဆွေးနွေးမှာ ဖြစ်ပါတယ်။"

အမေရိကန် သမ္မတ ဘာရက်ခ် အိုဘားမား (Barack Obama) ကတော့ ပြီးခဲ့တဲ့ တနင်္လာနေ့မှာပဲ ၁၉၉၇ ခုနှစ်က ချမှတ်ခဲ့တဲ့ မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအရပိတ်ဆို့အရေးယူမှုကို နောက်ထပ်တနှစ် သက်တမ်းတိုးလိုက်ပါတယ်။ ဒါကြောင့် ဒီသီတင်းပတ် အတွင်းမှာပဲ အမေရိကန်ပြည်ထောင်စုရဲ့ မြန်မာနိုင်ငံအပေါ် နှစ်လမ်းသွားမူဝါဒရဲ့ လက်တွေ့လုပ်ရပ် နှစ်ခုစလုံးကိုမြင်ရတယ်လို့ ပြောရမှာပါ။

ဒါပေမဲ့လည်း ဒီမူဝါဒကနေ အခုအချိန်အထိ သိသာထင်ရှားတဲ့ ရလဒ်ကောင်းတွေမတွေ့ရသေးဘူးဆိုတာကိုတော့ အမေရိကန်အဆင့်မြင့်အရာရှိတွေက ဝန်ခံထားပြီးသားပါ။ မစ္စတာယွန်းဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလတုန်းကလည်း မြန်မာနိုင်ငံကို သွားရောက်ခဲ့ပြီး မြန်မာ တာဝန်ရှိသူတွေအပြင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံခဲ့ပါတယ်။ အခုခရီးစဉ်ဟာ သူ့ရဲ့ ဒုတိယအကြိမ်ခရီးစဉ်ဖြစ်ပါတယ်။

တချိန်တည်းမှာပဲ မြန်မာနိုင်ငံအရေးကို အမေရိကန်အနေနဲ့ ပိုပြီး အားစိုက်လုပ်နိုင်ဖို့ သမ္မတအိုဘားမားကလည်း အမေရိကန်ပြည်ထောင်စုရဲ့မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အဖြစ်မစ္စတာဒဲရက် မစ်ရှဲလ်ကို အဆိုပြုထားပါတယ်။ ဒါကိုတော့ လွှတ်တော်ကနေ သီးခြား အတည်ပြုပေးရမှာ ဖြစ်ပါတယ်။

# သမတသစ်ဦးသိန်းစိန်ရဲ့ အကျဉ်းသားများလွှတ်တဲ့ အပေါ် စိတ်ပျက်မိ

**BBC | မေ ၁၇ ။** ။ မြန်မာသမတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ကြေညာချက်ဟာ လုံလောက်မှုမရှိသလို စိတ်ပျက်စရာလည်းကောင်း တယ်လို့ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ် စားလှယ်က ပြောလိုက်ပါတယ်။

ထောင်ကျအကျဉ်းသားအားလုံးကို ထောင်ဒဏ်တနှစ်စီ လျော့ပေးလိုက်ပြီး သေဒဏ်အပြစ်ပေးထားသူတွေကို ထောင်ဒဏ်တသက်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်တယ်ဆိုတဲ့ မြန်မာသမတရဲ့ကြေညာချက်ထွက်လာပြီးနောက်ပိုင်း သူကအဲဒီလိုပြောလိုက်တာပါ။ မြန်မာ့လူ့အခွင့်အရေးအခြေအနေကိုလေ့လာဖို့ ထိုင်းနိုင်ငံမှာရောက်ရှိနေဦ မစ္စတာကင်တားနားကို ဘီဘီစီကဆက်သွယ်မေးမြန်းရာမှာ သူကအခုလိုစပြီးပြောဖြေခဲ့ပါတယ်။

Quintana ။ ။ အခုအချိန်အထိ ကျနော်ရထားတဲ့သတင်းတွေအရ လွတ်လာတဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသားက ဆယ်ဂဏန်းဘဲရှိပါတယ်။ ဒီပြစ်ဒဏ်ကို တနှစ်လျော့ပေးတဲ့ကိစ္စဟာ မလုံလောက်တဲ့လုပ်ရပ်ဖြစ်သလို စိတ်ပျက်စရာကောင်းတယ်လို့ပြောချင်ပါတယ်။ မလုံလောက်ဘူးဆိုတာက မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ရှိပါတယ်။

အခုလွတ်လာတာက တွက်ကြည့်မယ်ဆိုရင် ဘာမှမဆိုသလောက်ပမာဏဖြစ်တာမို့ ဒါဟာလုံလောက်တယ်လို့ပြောမရပါဘူး။ နောက်ပြီးတော့ မြန်မာအစိုးရက ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်လို့ လူ့အခွင့်အရေးချိုးဖောက်တာတွေ အဆုံးသတ်ဖို့ဆန္ဒမရှိတာကို ဖော်ပြတာဖြစ်တယ်။ တခါ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အခြေလှမ်းမစတာကိုဖော်ပြတာဖြစ်တဲ့အတွက် စိတ်ပျက်စရာကောင်းတယ်လို့ပြောချင်တာပါ။

**BBC ။** ။ အခုမြန်မာအစိုးရသစ်ရဲ့လုပ်ဆောင်ချက်ဟာ နိုင်ငံတကာအသိုင်းအဝန်းကပြောနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေပြန်လွှတ်ပေးရေးဆိုတာကို လစ်လျူရှုလိုက်တယ်လို့ ပြောနိုင်လားခင်ဗျ။

Quintana ။ ။ အခုမြန်မာအစိုးရ သမတသစ်ရဲ့လုပ်ဆောင်ချက်ဟာ မြန်မာအစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်ပြီးတော့ သိပ်ဂရုမထားဘူးဆိုတာကိုပြလိုက်တာပါ။နိုင်ငံတကာအနေနဲ့ က ကုလသမဂ္ဂကဖြစ်စေ၊ အာဆီယံကဖြစ်စေ နောက် လူထုအခြေပြုအဖွဲ့အစည်းတိုင်းကဖြစ်စေ၊ အားလုံးကနိုင်ငံရေးအကျဉ်းသားတွေအားလုံး ချွင်းချက်မရှိလွှတ်ပေးရေးအပေါ်မှာ သဘောတူကြပါတယ်။

ကျနော့အနေနဲ့တော့ မြန်မာအစိုးရကိုထပ်ပြီးတော့ပြောချင်တာက အခုဆုံးဖြတ်ချက်ဟာ သူတို့ကိုထောက်ခံလာဖို့အတွက် အကူအညီဖြစ်မလာဘူးလို့ဘဲပြောချင်ပါတယ်။

**BBC ။** ။ အစိုးရဘက်ကနေ နိုင်ငံရေးအကျဉ်းသားတွေအများအပြား ဒါမှမဟုတ် အားလုံးကိုလွှတ်ပေးလိုက်မယ်ဆိုရင် နိုင်ငံတွင်းမှာ မတည်မငြိမ်ဖြစ်မှာကိုစိုးရိမ်တဲ့အတွက် အခုလိုအနည်းအကျဉ်းဘဲလွှတ်ပေးတယ်လို့ရော မဆိုနိုင်ဘူးလား။

Quintana ။ ။ အစိုးရတရပ်အနေနဲ့ တည်ငြိမ်ရေးဆိုတာကိုအကြောင်းပြပြီး အပြစ်မရှိတဲ့သူတွေကို ထောင်ထဲကိုထည့်ထားလို့မရ ပါဘူး၊ လူတိုင်းမှာလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာယုံကြည်ပိုင်ခွင့်ရှိပါတယ်။ တည်ငြိမ်ရေးအတွက် နေရာပေါင်းစုံကနေလုပ်ရမှာဖြစ်ပါတယ်။

ဥပမာ ရဲဌာနကနေ ရာဇဝတ်မှုတွေတည်ငြိမ်ရေးအတွက်ဆောင်ရွက်ရတာရှိသလို၊ ဒီမိုကရေစီကိုထိမ်းသိမ်းဖော်ဆောင်တဲ့ အဖွဲ့အစည်းတွေဘက်ကလည်း တည်ငြိမ်ရေးအတွက်အကျိုးဖြစ်ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေဆိုတာက ရာဇဝတ်မှုတွေကျူးလွန်ထားတဲ့လူတွေမဟုတ်ပါဘူး။

**BBC ။** ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားတွေ မလွတ်မြောက်နိုင်တဲ့အရေးကို နိုင်ငံတကာအသိုင်းအဝန်းကရော လွတ်လာအောင်ဘယ်လိုလုပ်ကြမှာလဲခင်ဗျ။

Quintana ။ ။ ကျနော်အနေနဲ့ကတော့ ကုလသမဂ္ဂကိုအစီရင်ခံစာရေးပါမယ်။ နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ဖို့ဆိုတာကတော့ ကုလသမဂ္ဂအဖွဲ့ဝင်တွေ ဒီအပေါ်မှာ ဘယ်လောက်ခိုင်ခိုင်မာမာရှိသလဲ၊ အာဆီယံအဖွဲ့ဝင်တွေကရော ဒီအပေါ်မှာဘယ်လောက်အထိ ခိုင်ခိုင်မာမာရှိသလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ ဒီလို နိုင်ငံတကာရဲ့တုန့်ပြန်မှုတွေက အရေးကြီးပါလိမ့်မယ်။

---

## နိုင်ငံရေးအကျဉ်းသား သံဃာတော်တွေကိုကူညီသူ ဒေါ်ရှု ၂၀၁၁ အတွက် ပြည်သူ့ဂုဏ်ရည်ဆု ရရှိ

**RFA | မေ ၁၆ ။** ။ အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံသားတွေကချီးမြှင့်တဲ့ ၂၀၁၁ ခုနှစ်အတွက် ပြည်သူ့ဂုဏ်ရည်ဆုကို မြန်မာပြည်တွင်းမှာ နိုင်ငံရေးအကျဉ်းသားသံဃာတော်တွေကို ကူညီစောင့်ရှောက်ပေးနေတဲ့ဒေါ်ရှုကို ရွေးချယ်လိုက်ပါတယ်။

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှာ မေလ ၁၅ ရက် မနေ့ကကျင်းပတဲ့ ပြည်သူ့ဂုဏ်ရည်ဆု ရွေးချယ်ချီးမြှင့်ပွဲအခမ်းအနားမှာကြေညာခဲ့ပါတယ်။ အခုလို သူ့ကိုရွေးချယ်လိုက်တာနဲ့ပတ်သက်ပြီး ဒေါ်ရှုက RFA ကတဆင့် ကျေးဇူးတင်စကားပြောကြားပါတယ်။

“ဆုရတော့လေ၊ ကျမကိုပေးတာမဟုတ်ဘဲ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းကျနေတဲ့သံဃာတွေနဲ့ နိုင်ငံရေးယုံကြည်ချက်ကြောင့်အကျဉ်းကျနေသူတွေကိုပေးတယ်လို့ ပိုပြီးတော့ ဖောဖောသီသီ လှူနိုင်တော့မှာမို့ ကျေးဇူးလည်းတင်တယ် ဝမ်းလည်းသာတယ်။”

ပြည်သူ့ဂုဏ်ရည်ဆုကို မြန်မာနိုင်ငံတွင်းမှာ လူမှုရေးလုပ်ငန်းတွေ အားကြိုးမာန်တက် ဆောင်ရွက်နေသူတွေကို နိုင်ငံတကာမှာရှိတဲ့ မြန်မာမိသားစုတွေက အင်တာနက်အွန်လိုင်းကနေ မဲစနစ်နဲ့ ရွေးချယ်ချီးမြှင့်တာဖြစ်ပါတယ်။

ဒီနှစ်မဲပေးသူစုစုပေါင်း ၂ သိန်းခွဲမှာ ဒေါ်ရှုက ၄၄ ရာခိုင်နှုန်း မဲအများဆုံးနဲ့ ၂၀၁၁ ခုနှစ် ပြည်သူ့ဂုဏ်ရည်ဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဆုအတွက် အမေရိကန် ဒေါ်လာ ၁ သောင်း ချီးမြှင့်မှာဖြစ်တယ်လို့ သိရပါတယ်။

ပြည်သူ့ဂုဏ်ရည်ဆုကို ၂၀၁၀ ခုနှစ်မှာ စတင်ချီးမြှင့်တာဖြစ်ပြီး ပထမဆုံးအကြိမ်အဖြစ် နာရေးကူညီမှုအသင်းခေါင်းဆောင် ရုပ်ရှင်သရုပ်ဆောင် ကိုကျော်သူကိုရွေးချယ်ပြီး အမေရိကန် ဒေါ်လာ ၇ ထောင်ချီးမြှင့်ခဲ့ပါတယ်။

# ကြပ်ပြေးနေပြည်တော် အနီး ဗုံးကွဲ အနည်းဆုံး လူ ၂ ဦးသေ

**VOA ၊ မေ ၁၈ ။** ။ မြန်မာအစိုးရရုံးစိုက်ရာ နေပြည်တော်က ရွှေမြို့နဲ့ တပ်ကုန်းမြို့နယ်ကြားမှာရှိတဲ့ ဆင်သေဘူတာမှာ ဒီကနေ့ ညနေ ၄ နာရီလောက်က ဗုံးပေါက်ကွဲခဲ့လို့ အနည်းဆုံး လူ ၂ ဦး သေဆုံးပြီး ၆ ဦးထက်မနည်း ဒဏ်ရာရသွားပါတယ်။ ရန်ကုန်၊ မန္တလေးအဆန် အမှတ် ၃ ရထားဟာ ဆင်သေဘူတာအရောက်မှာ ပေါက်ကွဲခဲ့တာဖြစ်ပါတယ်။ အပြည့်အစုံကိုစုံစမ်းထားတဲ့ မသင်းသီရိကတင်ပြထားပါတယ်။

ရန်ကုန်၊မန္တလေးအဆန်ရထားအမှတ်၃ဟာနေပြည်တော်ထဲက ဆင်သေဘူတာကို ဆိုက်ရောက်အပြီး ရထားပေါ်မှာ ဗုံးပေါက်ကွဲမှု ဖြစ်ခဲ့တာပါ။ ဒီ ဆင်သေဘူတာဟာ ရွှေမြို့နဲ့ တပ်ကုန်းမြို့ကြားမှာရှိပြီး ရွာအဆင့် ဘူတာငယ်တခုလည်း ဖြစ်ပါတယ်။ ဒီပေါက်ကွဲမှုကြောင့် လူ ၂ ဦး သေဆုံးခဲ့သလို ဒဏ်ရာရသွားသူတွေလည်း ရှိတယ်လို့ နေပြည်တော် ဒေသခံတဦးက ပြောပါတယ်။

"ညနေ ၄ နာရီလောက်မှာ ရွှေမြို့နဲ့ တပ်ကုန်းဘူတာကြားက ဆင်သေဘူတာမှာပေါက်တယ်။သေဆုံးတာကတော့လောလောဆယ် ၂ ယောက်လို့ ကြားတယ်။ ဒဏ်ရာရတာတော့ ၆ ယောက်လောက် ရှိတယ်လို့ ပြောတယ်။ သူတို့ စစ်ဆေးစရာရှိတာ စစ်ဆေးနေတယ်လို့ ပြောပါတယ်။"

အခု ပေါက်ကွဲမှုဖြစ်တဲ့ ဘူတာဟာ နေပြည်တော်က လွှတ်တော် အဆောက်အဦးတွေ၊ အစိုးရရုံးတွေနဲ့ အတော်လေး ဝေးသလို နေပြည်တော်မြို့ရဲ့ အစွန်ဘက်နားမှာရှိတာ ဖြစ်ပါတယ်။ အခင်းဖြစ် ပြီးပြီးချင်း ဘူတာကို ဒေသခံ အာဏာပိုင်တွေက ပိတ်လိုက်ပြီး စစ်ဆေးမှုတွေ ပြုလုပ်နေပေမဲ့ နေပြည်တော်ထဲမှာတော့ ဒီကနေ့ ညနေပိုင်းထိ ထူးထူးခြားခြား လုံခြုံရေး ချထားမျိုးတွေ မရှိပါဘူးလို့လည်း ပြောပါတယ်။

"နေပြည်တော်ရဲ့ အစွန်မှာဗျ။ နေပြည်တော်ထဲမှာ ပါတယ်ဆိုပေမဲ့ သူကတော့ အဓိကအဆောက်အဦးရှိတဲ့ နေရာတွေနဲ့ဆိုရင်တော် တော်လှမ်းပါတယ်။ လောလောဆယ်မှာတော့ တော်တော်များများမသိကြဘူးဗျ။ ပုံမှန်လှုပ်ရှားနေကြတာပဲ။ အဓိကကျတဲ့ ဘူတာတော့ မဟုတ်ဘူးဗျ။ သူက ရွာအဆင့်ပဲရှိတယ်၊ ဆင်သေရွာ အဆင့်ပဲရှိတဲ့ အတွက် လူသားလူလာတော့ သိပ်မရှိဘူး။ ဒါပေမဲ့ သူကပင် လောင်းဘက်နဲ့ ချိတ်ထားတဲ့အတွက်၊ ပင်လောင်းဘက်ကိုလည်း မီးရထားလမ်း ဖောက်ထားတဲ့အတွက် နောက်ပိုင်းဆိုရင်တော့ စည်ကားလာမှာပါ။"

နေပြည်တော် ဒေသခံပြောပြခဲ့တာ ဖြစ်ပါတယ်။ အခုပေါက်ကွဲမှုဖြစ်တဲ့ ဘူတာဟာ ရွာအဆင့်လောက်သာ ရှိတာမို့ လူစည်ကားတဲ့ ဘူတာတခု မဟုတ်ပေမဲ့ ရန်ကုန်၊ မန္တလေး အဆန်ရထားပေါ်မှာ ပေါက်တာမို့ နောက်ထပ် ဒဏ်ရာရသူ ဦးရေတွေ တိုးလာနိုင်သလို အခုဒဏ်ရာရသွားသူတွေရဲ့ အခြေအနေကလည်း အတော်လေး စိုးရိမ်ရတဲ့ အနေအထား ရှိတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အခုလို နေပြည်တော်မှာ ဗုံးပေါက်ကွဲမှု ဖြစ်ချိန်ဟာ အမေရိကန်နိုင်ငံရဲ့ ဒု-လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက် ယွန်း (Joseph Yun) နေပြည်တော်ကို ရောက်နေပြီး မြန်မာအစိုးရအဖွဲ့ကထိပ် တန်းတာဝန်ရှိသူတွေနဲ့ တွေ့ဆုံနေချိန်လည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၇ ရက်ကလည်း အင်းစိန် ကမ်းနားအလယ်မှာ ရှိတဲ့ အောင်ဇေယျ ကြိုးတံတားအနီး ပေါက်ကွဲမှု ဖြစ်ခဲ့လို့ သေဆုံးမှုတွေထိ ရှိခဲ့သလို ဧပြီလ ၃ ရက်နေ့ကလည်း ရန်ကုန် ဆူးလေဘုရားအနီးမှာ မပေါက်ကွဲသေးတဲ့ ဗုံးထည့်ထားတဲ့ အိတ်ကိုရှာဖွေတွေ့ရှိတာတွေ ဖြစ်ခဲ့ဖူးပါတယ်။

---

# ထိုင်းအခြေစိုက်လူ့အခွင့်အရေးအဖွဲ့ စစ်တမ်းထုတ်ပြန်

**RFA ၊ မေ ၁၉ ။** ။ ထိုင်းနိုင်ငံအခြေစိုက် ND-Burma ခေါ် မြန်မာနိုင်ငံလူ့အခွင့်အရေးမှတ်တမ်းကွန်ရက်အဖွဲ့က ၂၀၁၁ ခု ဇန်နဝါရီလကနေ မတ်လအတွင်း ကောက်ခံရရှိထားတဲ့ မြန်မာပြည်တွင်းလူ့အခွင့်အရေးချိုးဖောက်မှုစစ်တမ်းကို မနေ့ကထုတ်ပြန်လိုက်ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၃၁ ရက်နေ့မှာဆိုရင် အနှစ် ၂၀ အတွင်း ပြည်သူ့လွှတ်တော်ကိုစတင်ခဲ့တာ မတ်လ ၃၀ ရက်နေ့မှာ ဆိုရင် စစ်ကောင်စီအစိုးရကနေ ရွေးကောက်ပွဲအနိုင်ရ ဦးသိန်းစိန်အစိုးရလက်ထဲ အာဏာလွှဲပြောင်းပေးခဲ့တာ စတဲ့ အပြောင်းအလဲတချို့ ရှိခဲ့ပေမဲ့ စစ်အစိုးရလက်ထက်ကတည်းကဖြစ်လာခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကတော့ အရင်လိုပဲ ဆက်ရှိနေဆဲပဲဆိုတာ ND-Burma အဖွဲ့က လေ့လာတွေ့ရှိထားကြောင်း၊ အဲဒီအချက်အလက်တွေကိုကြည့်ရင် ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံကို စုံစမ်းရေးကော်မတီတရပ် စေလွှတ်သင့်တယ်ဆိုတာထင်ရှားကြောင်း ND-Burma အဖွဲ့ရဲ့ ထုတ်ပြန်ချက်ကဆိုပါတယ်။

အစိုးရသစ်တရပ် ပြောင်းလဲလာခဲ့ပေမဲ့ ဘယ်လို လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ရှိနေသလဲဆိုတာနဲ့ပတ်သက်လို့ ND-Burma အဖွဲ့ရဲ့ စီမံခန့်ခွဲမှုကော်မတီဝင် နိုင်အူးဝါးမွန် ပြောပြတာက -

"ကျွန်တော်တို့ရန်ကုန်တိုင်းဒေသကြီးတွေမှာ ဥပမာ ကျွန်တော်တို့ယုံကြည်ချက်အရအကျဉ်းကျခံနေရတာတွေဆက်ပြီးရှိနေတယ်။ အဲဒီက ဝေါလေဇရိယာမှာ ကလေးစစ်သားအသုံးပြုမှုတွေဆက်ပြီ တွေ့ရတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့အကျဉ်းသားတွေ ရှေ့တန်းတွေမှာ လူသားဒိုင်းအဖြစ် အသုံးပြုနေတာတွေတွေ့ရသလို ကျွန်တော်တို့ ဒီပေါ်တာတွေအနေနဲ့လည်း ဖမ်းဆီးပြီးတော့ ခိုင်းစေနေတာကို တွေ့ရတယ်။"

သမ္မတဦးသိန်းစိန်က သူ့အစိုးရအနေနဲ့ လယ်သမားတွေရဲ့ရပိုင်ခွင့်တွေအတွက် အာမခံသွားမှာဖြစ်သလို၊ မြန်မာပြည်သူတွေရဲ့ အခြေခံအခွင့်အရေးတွေကို အကာအကွယ်ပေးသွားမှာ ဖြစ်တယ်လို့ပြောနေပေမဲ့ ဒီကနေ့အချိန်ထိ လယ်ယာမြေ အသိမ်းဆည်းခံနေရတာတွေ အဓမ္မခိုင်းစေခံနေရတာတွေဆက်ရှိနေကြောင်း ND-Burma အဖွဲ့ကဆိုပါတယ်။

၂၀၁၁ ခု ဇန်နဝါရီလကနေ မတ်လ ၃ လအတွင်း မတရားဖမ်းဆီးမှု ၁၁ မှု၊ မြေယာသိမ်းဆည်းမှု ၃၁ မှု၊ အဓမ္မခိုင်းစေမှု ၃၃ မှု ဖိအားပေးပြောင်းရွှေ့စေခိုင်းမှု ၃ မှု၊ ကလေးစစ်သား ၂၁ မှုနဲ့ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှု ၁၉ မှု အပါအဝင်၊ အခြား လူ့အခွင့်အရေးချိုးဖောက်မှု စုစုပေါင်း ၁၆၇ မှုကို အထောက်အထားတွေနဲ့ စုဆောင်းရရှိခဲ့တယ်လို့ ND-Burma အဖွဲ့ရဲ့ မှတ်တမ်းတွေအရသိရပါတယ်။

# ငြိမ်းချမ်းရေး ပဋိပက္ခနှင့် အကြမ်းဖက်မှု

**ယခင်တပတ်မှအဆက်**

ခင်မပပျိုး

ပဋိပက္ခကို ဖြစ်ပွားစေတဲ့ အကြောင်းတရားတွေ၊ မတူညီတဲ့ ရည်မှန်းချက်ပန်းတိုင်တွေကို ပဋိပက္ခဖြစ်ပွားမှုအဆင့် လျော့ကျစေနိုင်တဲ့ အမြင်သဘောထားတွေကိုင်စွဲပြီး၊ ငြိမ်းချောက်အင်အားသုံး အနိုင်ကျင့် ဗိုလ်ကျခြင်း မပါသော ပြုမူဆောင်ရွက်ပုံတွေနဲ့ ဖြေရှင်းနိုင်ဖို့ ပဋိပက္ခမှာ ပါဝင်ပတ်သက်နေသူတွေအားလုံးက ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

အကြမ်းဖက်မှု (violence) ဆိုရာဝယ်

အကြမ်းဖက်မှုဆိုတာ ထိခိုက်မှုတစုံတရာကို ဖြစ်ပွားစေတဲ့ အင်အားအသုံးပြုမှုဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ အကြမ်းဖက်မှုဆိုတာ မိမိကိုယ်တိုင်ဖြစ်စေ၊အခြားသူ တယောက်ကို ဖြစ်စေ၊ အခြားလူအုပ်စု (သို့မဟုတ်) လူ့အဖွဲ့အစည်းကို ဖြစ်စေ ထိခိုက်ဒဏ်ရာရစေမှု၊ သေဆုံးစေမှု၊ စိတ်ဒဏ်ရာရစေမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှောင့်နှေးစေမှုတို့ကို ဖြစ်ပွားစေသည့်အင်အားအသုံးပြုမှုလို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။ အကြမ်းဖက် မှုသဏ္ဍာန်တွေမှာ လူတဦးနဲ့တဦး လက်သီးနဲ့ထိုးကြိတ်တာ၊ တုတ်နဲ့ရိုက်နက်တာတွေကနေ သေစေနိုင်တဲ့ လက်နက်ခဲယမ်းတွေကို အသုံးပြုပြီး တိုက်ခိုက်တာတွေအထိ ပါဝင်ပါတယ်။ လူအများက အကြမ်းဖက်မှုလို့ ဆိုလိုက်ရင် ဗုံးခွဲတာတွေ၊ လေယာဉ်ပြန်ပေးဆွဲတာတွေကိုပဲ ဆက်စပ်တွေးမိသွားတတ်ကြပါတယ်။ ဒါတွေက အကြမ်းဖက်မှု အမျိုးအစားတမျိုးဖြစ်တဲ့ terrorism နဲ့ ပတ်သက်တာတွေ ဖြစ်ပါတယ်။ (ဒီနေရာမှာ violence နဲ့ terrorism နှစ်မျိုးစလုံးကို အကြမ်းဖက်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ ဘာသာပြန်ကြတာကြောင့်လဲ သဘောတရားတွေ ရောထွေးနေတာဖြစ်ပါတယ်။ terrorism က အကြမ်းဖက်မှုရဲ့ အမျိုးအစားတမျိုးသာဖြစ်ပါတယ်။ အကြမ်းဖက်မှုမှာ မတရားဖိနှိပ်ခံရမှုကို လက်နက်ကိုင်ပြီး ခုခံတော်လှန်ရတဲ့ တော်လှန်စစ်လို လိုအပ်ချက်အရ ပေါ်ထွက်လာတဲ့ necessary forms of violence ဆိုတာမျိုးတွေ ရှိသလို၊ အပြစ်မဲ့ ပြည်သူတွေကို စနာထောက်ထားခြင်းကင်းစွာနဲ့ မလိုအပ်ပဲ တိုက်ခိုက်မှုတွေဖြစ်တဲ့ terrorism လို unnecessary forms of violence တွေလဲ ရှိပါတယ်)

ငြိမ်းချမ်းရေးသိပ္ပံပညာရပ်မှာ အကြမ်းဖက်မှု (violence) ဆိုတာကို တိုက်ရိုက်အကြမ်းဖက်မှု (Direct Violence)၊ (Structural Violence) နဲ့ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှု (Cultural Violence) ဆိုပြီး သုံးမျိုးခွဲခြားထားပါတယ်။ တိုက်ရိုက်အကြမ်းဖက်မှုကထိုးကြိတ်ရိုက်နက်မှုတွေ၊ လူသတ်မှုတွေ၊ မုဒိန်းကျင့်မှုတွေ၊ သေနတ်တွေ၊ ဗုံးတွေ၊ စစ်ပွဲတွေနဲ့ သက်ဆိုင်ပါတယ်။ တိုက်ရိုက်အကြမ်းဖက်မှုမှာလူသားတွေရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ ရပ်တည်မှုကိုယ်စိတ်နှစ်ပါးကျန်းမာမှု၊ လွတ်လပ်မှု စတာတွေကို ထိခိုက်စေနိုင်တဲ့ ကြိုတင်ရည်ရွယ်ထားသော အင်အားအသုံးပြုမှု ပါဝင်ပါတယ်။ တိုက်ရိုက်အကြမ်းဖက်မှုကြောင့် နှစ်စဉ်လူသား (၁.၆) သန်းခန့် သေဆုံးတယ်လို့ သုတေသနပညာရှင်တွေက စစ်တမ်းကောက်ယူဖော်ပြထားခဲ့ကြပါတယ်။တိုက်ရိုက်အကြမ်းဖက်မှုဟာကျူးလွန်သူတွေ၊သားကောင်တွေ၊ မိသားစုဝင်ကိုသာမက လူ့အဖွဲ့အစည်း၊ စီးပွားရေးအခြေအနေနဲ့ သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်စေပါတယ်။

ထိုးကြိတ်ရိုက်နက်မှုတွေ၊ လက်နက်ပစ္စည်းတွေ အသုံးပြုတဲ့ တိုက်ရိုက်အကြမ်းဖက်မှုတွေကသာ လူသားတွေရဲ့ အခြေခံလိုအပ်ချက်တွေကို ထိခိုက်စေနိုင်တာမဟုတ်ပါဘူး။ နိုင်ငံတ နိုင်ငံမှာရှိနေတဲ့ လူမှုစီးပွားနဲ့နိုင်ငံရေးသဏ္ဍာန်(socio-economic and political structures) တွေကလဲ လူသားတွေရဲ့ရှင်သန်ရပ် တည်မှုကို ထိခိုက်စေနိုင်ပါတယ်။ Structural violenceတွေဟာလူ့အဖွဲ့အစည်းရဲ့ အဆင့်တိုင်းမှာရှိပြီး၊ လူမှုစီးပွား အခွင့်အရေးတွေ ချိုးဖောက်ခံရခြင်းနဲ့ သက်ဆိုင်ပါတယ်။ လုံခြုံစိတ်ချရမှုကင်းမဲ့ပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ လုပ်ငန်းခွင်တွေမှာအလုပ်လုပ်ရခြင်း ဟာလဲအကြမ်းဖက်ခံရခြင်းပဲ ဖြစ်ပါတယ်။ လူမှုစီးပွားနဲ့နိုင်ငံရေးသဏ္ဍာန်တွေမှာ မြှုပ်နှံထားတဲ့ structural violence တွေကို hidden repression အနေနဲ့သတ်မှတ်ခေါ် ဝေါ်ကြပါတယ်။လူမှုရေးတန်းတူညီမျှခြင်းမရှိမှု၊ လူတန်းစားအလွှာကွာဟချက်ကြီးမှု၊ကျားမခွဲခြားသတ်မှတ်မှု၊ အတင်းအကြပ်စစ်မှုထမ်းဥပဒေများ ပြဋ္ဌာန်းမှု၊ ပညာရေး-ကျန်းမာရေး ဝန်ဆောင်မှုအားနည်းမှု၊ အလုပ်အကိုင်ရရှိရေး၊ ရာထူးတိုးမြှင့်ရေးစတာတွေမှာ တူညီသောအခွင့်အလမ်း မရှိမှု စတာတွေဟာ သက်ဆိုင်ရာတိုင်းပြည်မှာ structural violence ရှိနေတဲ့ သွင်ပြင်လက္ခဏာတွေပဲ ဖြစ်ပါတယ်။ Structural violence ရှိနေတဲ့ တိုင်းပြည်မှာဆင်းရဲနွမ်းပါးမှုနဲ့ လူအများဘဝအနာဂတ် ပျောက်ဆုံးမှုတွေ ကြုံတွေ့လာရတတ်ပါတယ်။ အသက်ရှင်ရပ်တည်နေရပေမယ့် ကိုယ်စိတ်နှစ်ပါးကျန်းမာမှုမရှိပဲ၊ လွတ်လပ်မှုတွေ ပျောက်ဆုံးနေတာဟာ exploitative or repressive structures တွေရဲ့ အကြမ်းဖက်မှုကို ခံစားရလို့ ဖြစ်ပါတယ်။

နောက်ထပ် အကြမ်းဖက်မှုတခုကတော့ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှု (cultural violence) ဖြစ်ပါတယ်။ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှု ရှိခြင်းဆိုတာ ယဉ်ကျေးမှု မတူညီသော အုပ်စုတွေ အချင်းချင်း တိုက်ခိုက်နေတာကို ဆိုလိုတာ မဟုတ်ပါဘူး။ ဒီလိုတိုက်ခိုက်နေရင်တော့ ဒါက တိုက်ရိုက်အကြမ်းဖက်မှု ခေါင်းစီးအောက် ရောက်သွားမှာပါ။ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုဆိုတာကတိုက်ရိုက်အကြမ်းဖက်မှုနဲ့ structural violence နှစ်မျိုးကို အားပေးထောက်ခံခြင်း (သို့မဟုတ်) လက်ခံစေခြင်းရှိတဲ့ ဘာသာရေး ယုံကြည်ချက်၊ နိုင်ငံရေးအတွေးအခေါ်၊ အနုပညာ၊ သိပ္ပံပညာနဲ့ ဘာသာစကားတွေ ရှိနေခြင်းကို ဆိုလိုတာဖြစ်ပါတယ်။ ဥပမာ- ရန်သူကို တိရစ္ဆာန်တွေ၊ ရောဂါဘယဆိုးတွေနဲ့ နှိုင်းယှဉ်တတ်မှု၊ ပဋိပက္ခတွေ ဖြစ်ပွားချိန်မှာ ငါနဲ့မတူ ငါ့ရန်သူလို သဘောထားတတ်မှု၊ သူတပါးကို ခွဲခြားဆက်ဆံတတ်မှု၊ အာဏာအလွဲသုံးစားပြုတတ်မှု၊ မတရား ဖိနှိပ်ခံရခြင်းကို မိမိတို့ အားနည်းချက်ဟု ယူဆပြီး လက်ခံမှု စတာတွေဖြစ်ပါတယ်။

အကြမ်းဖက်မှု အမျိုးအစားသုံးမျိုးဟာ ပဋိပက္ခ အောဘီစီသုံးနာညီတြိဂံပါအချက်တွေနဲ့ဆက်နွယ်မှုရှိပါတယ်။structuralviolence

**စာမျက်နှာ ၁၈ သို့**

# သမတဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အပေါ် နိုင်ငံတကာဖိအားပိုလာနိုင်

**VOA ၊ မေ ၁၆ ။** ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar မြန်မာနိုင်ငံကပြန်သွားခဲ့ပြီးတဲ့နောက် ၂ ရက်အကြာ ဒီကနေ့မှာပဲ သမ္မတဦးသိန်းစိန်က လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထုတ်ပြန်ပြီး သေဒဏ်ကနေတသက်တကျွန်းဒဏ်ကိုပြောင်းလဲတာ၊ ကျန်တဲ့ သူတွေကို ထောင်ဒဏ် တနှစ်စီ လျှော့ပေါ့ပေးလိုက်တာတွေကို ဒီနေ့ညနေနဲ့ည ပိုင်း မြန်မာအစိုးရရေဒီယိုနဲ့ရုပ်မြင်သံကြားတွေကနေ ကြေညာသွားခဲ့ပါ တယ်။

ဒါပေမဲ့ ဒါဟာ နိုင်ငံတကာအသိုင်းအဝန်းက တိုက်တွန်းထားသလို အများကမျှော်လင့်ထားသလို နိုင်ငံရေးအကျဉ်းသားတွေ အမြောက်အမြားကိုပြန်လွှတ်ပေးတာမဟုတ်တဲ့အတွက် နိုင်ငံတကာရဲ့ဖိအားကတော့ အခုထက်ပိုပြီးကြီးမားလာနိုင်တယ်လို့ ဝေဖန်မှုတွေရှိနေပါတယ်။ မစ္စတာဗီဂျေးနမ်ဘီးယား မြန်မာနိုင်ငံကိုလာရောက်ခဲ့တဲ့ ၃ ရက်ခရီးစဉ်အတွင်း သမ္မတရဲ့အကြံပေးဦးကိုကိုလှိုင်က သမ္မတအနေနဲ့ သင့်တော်တဲ့အချိန်မှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်တွေ ပေးဖို့ရှိကြောင်းပြောဆိုခဲ့ပါတယ်။ တနင်္လာနေ့ညနေမှာတော့ သမ္မတရဲ့အမိန့်အမှတ် ၂၈ လွတ်ငြိမ်းချမ်းသာခွင့်ကို သတင်းတွေမှာ ကြေညာခဲ့ပါတယ်။

"မေလ ၁၇ ရက်မတိုင်မီကျူးလွန်ခဲ့သော ပြစ်မှုတခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည်။

(က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တသက်သို့ လည်းကောင်း၊

(ခ) ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် ၁ နှစ် ထပ်မံလျှော့ပေါ့ရရှိစေရန်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

ပုံ

သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

သေဒဏ်ကျနေသူတွေကို တသက်တကျွန်းဒဏ်ပြောင်းပေးပြီး ကျန်အကျဉ်းသားအားလုံးကို တနှစ် လျှော့ပေးမယ်ဆိုတဲ့ သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဟာ ကုလသမဂ္ဂနဲ့နိုင်ငံတကာကပါ ဝိုင်းဝန်းပြောဆိုနေတဲ့ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်အတွက်ရည်ရွယ်ပြီး ထုတ်ပြန်တာမျိုး မဟုတ်ဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရ ဦးဉာဏ်ဝင်းက သုံးသပ်ပါတယ်။

"အခုထုတ်တယ်ဆိုတဲ့လွတ်ငြိမ်းချမ်းသာခွင့်က နိုင်ငံရေးသမား၊ ယုံကြည်ချက်ကြောင့်အကျဉ်းကျနေတဲ့ပုဂ္ဂိုလ်တွေအတွက်ရည်ရွယ်ထုတ်တာမဟုတ်ဘူးလို့ အဲဒါပဲ ပြောနိုင်တာ။"

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်နဲ့တွေ့ဆုံချိန်မှာ သမ္မတရဲ့အကြံပေးဦးကိုကိုလှိုင်က မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားမရှိဘူးလို့ပြောဆိုခဲ့တာမို့ ဒါဟာ မျက်စိမှိတ် ငြင်းတာမျိုးလို့ဆိုပါတယ်။

"ကျနော်တို့အမြင်ကတော့ နိုင်ငံရေးအကျဉ်းသားမရှိဘူးလို့ ပြောတာ မျက်စိမှိတ်ပြောတာပဲ။ နိုင်ငံရေးယုံကြည်ချက်ကြောင့် ရာဇဝတ်ပြီးပြစ်ဒဏ်ပေးထားတာက နိုင်ငံရေးအကျဉ်းသားတွေပဲ။ သူတို့ထောင်ချချင်တဲ့လူတွေကို အပြစ် ပုဒ်မတွေနဲ့စွဲပြီးတော့တင်တယ်၊ အဲဒီပုဒ်မတွေနဲ့ ငြိသည်ဖြစ်စေ မငြိသည်ဖြစ်စေ အပြစ်ပေးတယ်။ ကျနော်တို့ ဒါတွေတောက်လျှောက်တွေ့နေတာ။ တခုချင်းအလိုက်ပြောလို့လည်းရတယ်။ အားလုံးခြုံပြီးပြောလို့ရှိရင် သူတို့ဟာ အပြစ်ကျူးလွန်ခြင်းမရှိဘဲနဲ့ နိုင်ငံရေးအရသာ တာဝန်ရှိတယ်၊ အပြစ်ပေးတယ်လို့ ကျနော် အဲဒီလိုပဲမြင်ပါတယ်။ ဒါ မရှိဘူးလို့ ပြောတာက မျက်စိမှိတ်ပြောတဲ့သဘောပဲ။ ကျိုးကြောင်းဆီလျော်မှုမရှိဘူးလို့ပဲ ပြောချင်တယ်။"

နိုင်ငံရေးအကျဉ်းသားတွေအတွက် ရည်ရွယ်ထုတ်ပြန်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်မဟုတ်တဲ့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စဉ်းစားတာမျိုးမဟုတ်ဘဲ နိုင်ငံတကာကမြင်ချင်တဲ့ ကြေညာချက်မျိုးမဟုတ်ဘူးလို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း - မြန်မာနိုင်ငံ က ဦးတိတ်နိုင်ကပြောပါတယ်။

"ဒါ တော်တော့်ကိုဆိုးတဲ့လွတ်ငြိမ်းချမ်းသာလို့ ပြောလို့ရပါတယ်။ သာမန်အကျဉ်းသားတွေထက် နိုင်ငံရေးအကျဉ်းသားတွေအတွက်ဆိုရင် ပိုပြီးတော့ခံစားခွင့်ကပိုဆိုးတယ်။ အခုလိုပုံစံမျိုး အတည်ဖြစ်သွားပြီ၊ နောက်ထပ် ဆက်လက်ပြီးထုတ်ဖို့အစီအစဉ်မရှိတော့ဘူးဆိုရင်တော့ နိုင်ငံတကာရဲ့ဖိအားက ပိုတောင် ကြီးမားလာနိုင်တဲ့အနေအထားမျိုးဖြစ်ပါတယ်။

"ဆိုတော့ သူတို့ချမှတ်ထားတဲ့ နိုင်ငံရေးပြစ်မှုတွေက အနိမ့်ဆုံး ၁၀ နှစ်၊ နောက်ပိုင်းမှာ အနှစ် ၃၀ တို့၊ အနှစ် ၂၀ တို့၊ ၈၈ မျိုးဆက်ကျောင်းသားတွေဆိုရင် အကုန်လုံး ၆၅ နှစ်စီ ချမှတ်ခံထားရတယ်။ ပြီးတော့ မတရားသဖြင့် ၆၅ နှစ် ချမှတ်ထားပြီးတော့မှ တနှစ်လျှော့တယ်ဆိုတဲ့ကိစ္စမျိုးကတော့ နိုင်ငံတကာဖိအားတွေက ပိုပြီးတော့သာကြီးဖို့ရှိပါတယ်။"

အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာအောင် ပုံသွင်းခဲ့တဲ့ စစ်အစိုးရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်ကလည်း အခုလို သေဒဏ်ကျခံနေရသူတွေကို တသက်တကျွန်းဒဏ် ပြောင်းပေးခဲ့တာမျိုး လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်ပြီး သက်ညှာမှုတော့မရှိပါဘူး။ လက်ရှိအစိုးရသစ်ဟာလည်း စစ်အစိုးရရဲ့ မူဝါဒတွေအတိုင်း ဆက်ပြီးလုပ်ကိုင်နေတာထင်ရှားတာမို့ နိုင်ငံတကာရဲ့ ဝိုင်းဝန်းဖိအားပေးမှုတွေ ပိုပြီးတိုးလာနိုင်တယ်လို့ ဆိုပါတယ်။

---

**စာမျက်နှာ ၁၈ သို့**

ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်တွေဟာ လက်နက်ကိုင်တော်လှန်ရေးကို ဦးတည်သွားစေတဲ့ အခြေခံအကြောင်းတရားတွေ ဖြစ်လာတတ်ပါတယ်။ တိုက်ရိုက်အကြမ်းဖက်မှုဟာ ပြုမူဆောင်ရွက်မှုတွေကို သက်ရောက်စေနိုင်ပြီး၊ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုကအမြင်သဘောထားတွေကို သက်ရောက်စေတတ်ပါတယ်။ ဒါကြောင့် ပဋိပက္ခတွေကို ဖြေရှင်းတဲ့အခါ၊ ပြုမူဆောင်ရွက်မှုတွေကို ပြောင်းလဲပြီးတိုက်ရိုက်အကြမ်းဖက်မှုကို အဆုံးသတ်ခြင်း၊ structure ဆိုင်ရာ ဖိနှိပ်ချုပ်ခြယ်မှု၊ မတရားမှုတွေကို ဖယ်ရှားပြီး structural violence ကို အဆုံးသတ်ခြင်းနဲ့ အမြင်သဘောထားတွေကို ပြောင်းလဲပြီး ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုကို အဆုံးသတ်ခြင်းတွေကို ဘက်စုံထောင့်စုံပြုလုပ်ဖို့လိုပါတယ်။

# ပြန်လွတ်လာ နိုင်ငံရေးအကျဉ်းသားများကိုစစ် အဖွဲ့ချုပ် ကူညီဆောင်ရွက်ပေး

**RFA | မေ ၁၈ ။** ။ ပြန်လွတ်လာတဲ့နိုင်ငံရေးအကျဉ်းသားတွေထဲ ကကျန်းမာရေးထိခိုက်လာသူတွေကိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆေးကုသဖို့ ဆောင်ရွက်ပေးနေတယ်လို့ သတင်းရရှိပါတယ်။

ဒ့ါအပြင် မြန်မာပြည်မြောက်ဖျား ပူတာအိုထောင်ကနေ မိမိတို့ နေအိမ်ကိုပြန်နိုင်အောင် သက်ဆိုင်ရာကစီစဉ်မပေးတဲ့အတွက် အိမ် ပြန်ဖို့ခက်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေအတွက်လည်း NLD က လမ်းစရိတ်ထောက်ပံ့ဖို့စီစဉ်ထားတယ်လို့ သိရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးက အခုလိုပြောပါတယ်။

"အကျဉ်းသားများအားလုံးပေါ့၊ တသောင်းကျော်ကျော်လွှတ်တဲ့ အထဲမှာ ကျွန်တော်တို့ ဒီမိုကရေစီအင်အားစုက ၄၇ ယောက်ပဲပါတယ်။ NLDက ၂၀ကျော်လေးပဲရှိတယ်ပြောတယ်။ လွတ်လာတဲ့လူအားလုံးက ရုံးကိုလာကြတယ်ဗျ။ သူတို့အကုန်လုံး ကျွန်တော်တို့တွေ့လိုက်တယ်။ သူတို့က ကျန်းမာရေးအသင့်အတင့် ကောင်းတဲ့လူလည်းပါတယ်၊ တ ချို့လည်း ကျန်းမာရေးဆိုးဆိုးဝါးဝါး လည်းပါတယ်။"

"အဲဒါတွေကို ကျွန်တော်တို့က ဒီ အဖွဲ့ချုပ်က ဆေးမှူးကနေ စစ်ဆေးပြီးတော့ ဆေးပေးတာလုပ်တယ်။ နောက်ပြီးတော့ ဟို ဆေး ရုံကိုသွားဖို့ဟာအတွက် ကျွန်တော်တို့အရင်စီစဉ်ထားတဲ့ ဆက်သွယ် ထားတဲ့ ဆေးရုံတို့ဘာတို့သွားနိုင်ဖို့ဟာအတွက် အဲဒါတွေ မနက်က တမနက်လုံးစီစဉ်နေကြတယ်။ နောက်ပြီးတော့ အဲဒီ အနည်းဆုံးတော့ တသောင်းခန့်စီ ပေးနိုင်တယ်ပေါ့ဗျာ။"

"နောက်ပြီးတော့ ပူတာအိုလိုက်ဖို့ ကလေးနဲ့ပတ်သက်တာကို လည်း စရိတ်စကမရှိတာကိုလည်း မနက်ဖြန်ကျရင် ကျွန်တော် သူတို့ လိုက်နိုင်အောင်စီစဉ်ပေးမယ်ဗျား။"

ပူတာအိုထောင်ကလွတ်ပြီး ပြန်စရိတ်မရှိလို့ အခက်အခဲဖြစ်နေ သူတွေနဲ့ပတ်သက်လို့ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကလည်း ခုလို ပြောပြပါတယ်။

"ပူတာအိုက အမျိုးသားနှစ်ဦး၊ အမျိုးသမီးတဦး၊ နိုင်ငံရေး အ ကျဉ်းသားတွေ၊ သူတို့သုံးယောက်လွတ်လာတဲ့အထဲမှာ ဦးတင်ဝင်းဆို တာသူတို့က အခု ပူတာအိုမြို့ထဲမှာ အဲ ပိုက်ဆံလည်းမရှိဘူး ခရီးစ ရိတ်လည်း မရှိဘူး။"

"ဦးတင်ဝင်းမိသားစုကတော့ ငွေပို့နိုင်တယ်လို့ ကျွန်တော်တို့ သိရတယ်။ ကျန်တဲ့နှစ်ဦး ဦးရဲမြင့်က ဘုန်းကြီးကျောင်းမှာ ခဏနေ ရတယ်။ မသန္တာကတော့ church တခုမှာခဏနေတယ်။ အဲဒီ အခက် အခဲကို ကျွန်တော်တို့ကိုလာတင်ပြတယ်။ အဲ ဒီအမိန့်အရ လွှတ်တယ် အိမ်မပြန်နိုင်တဲ့လူ အဲဒီလိုနှစ်ယောက်တွေ့နေတယ်။ သူတို့ကဘယ် လိုပဲဖြစ်ဖြစ် ကူညီရမှာပေါ့လေ။ အိမ်ကိုမပြန်နိုင်တဲ့ ထောင်က လွတ် လာတဲ့ နိုင်ငံရေးအကျဉ်းသားတယောက်ကို ဒီတိုင်းတော့ ကျွန်တော် တို့ ပစ်ထားလို့မရဘူးပေါ့။"

နိုင်ငံရေးအကျဉ်းသားတွေကို NLD က ပုံမှန်ထောက်ပံ့နေတဲ့ အကူအညီ ရ မရ၊ ပြန်လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို မေးကြည့်တဲ့အခါ အမြဲရတယ်လို့ပြောဆိုကြကြောင်း ဦးတင်ဦးက ပြောပါတယ်။ မနက်ဖြန်မှာတော့ နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ် တဲ့အခြေအနေအစစ်အမှန်နဲ့ လက်ရှိ အကျဉ်းထောင်တွေရဲ့ အခြေ အနေတွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ ICRC ကို ရှင်းပြမဲ့အစီအစဉ်ရှိတယ်လို့ သိရပါတယ်။

## နိုင်ငံရေးအကျဉ်းသားများချွင်းချက်မရှိလွှတ်ပေးဖို့ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တောင်း

**RFA | မေ ၁၈ ။** ။ မြန်မာနိုင်ငံမှာ အကျဉ်းသားတွေကို အစိုးရက ထောင်ဒဏ်သက်တမ်းလျှော့ပေါ့ပေးရုံတင်မက ချွင်းချက်မရှိ အမြန်ပြန် လွှတ်ပေးဖို့လိုကြောင်း A.I ခေါ် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်း သာခွင့်အဖွဲ့က မေလ ၁၇ ရက်နေ့ မနေ့က ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်ပါတယ်။

မြန်မာအာဏာပိုင်တွေက အကျဉ်းသားတွေကို ထောင်ဒဏ် ၁ နှစ်စီလျှော့ပေးပြီး သေဒဏ်ကျခံနေရသူတွေကို ထောင်ဒဏ်တသက် တကျွန်းအဖြစ်ပြောင်းလဲကျခံစေမှာဖြစ်ကြောင်း တနင်္လာနေ့က ကြေ ညာခဲ့ပါတယ်။ A.Iအဖွဲ့ရဲ့ကြေညာချက်ထဲမှာနိုင်ငံရေးအကျဉ်းသားတွေ အတွက်ပါ ပြစ်ဒဏ်လျှော့ပေါ့ပေးတာကိုကြိုဆိုပေမယ့် ဒါဟာ ဘယ် လိုမှလုံလောက်တဲ့အတိုင်းအတာမဟုတ်ကြောင်း မြန်မာ့နိုင်ငံရေး ပြ ဿနာရဲ့လိုအပ်ချက်က နိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လွှတ် ပေးရေးဘဲဖြစ်ကြောင်း အာရှရေးရာကျွမ်းကျင်သူ Mr. Benjamin Za wacki က ပြောကြားပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံမှာ ဆက်လက်ကျင့်သုံးနေဆဲဖြစ်တဲ့ သေ ဒဏ်ပေးတရားစီရင်ရေးစနစ်ကိုလည်း အခြားကမ္ဘာ့နိုင်ငံတွေ နည်းတူ အပြီးတိုင်ဖျက်သိမ်းပစ်ဖို့တိုက်တွန်းကြောင်း A.I အဖွဲ့ရဲ့ ကြေညာချက် ကဆိုပါတယ်။

မြန်မာနိုင်ငံမှာ အီလက်ထရွန်နစ်ဥပဒေလိုမျိုး မလိုလားအပ်တဲ့ တင်းကြပ်တဲ့ဥပဒေတွေ ပြင်ဆင်သင့်ပြီဖြစ်ကြောင်း နိုင်ငံတော် အစိုး ရကိုဝေဖန်မှုတွေအပေါ်တားမြစ်ထားတဲ့ ဥပဒေမျိုးတွေကိုပါ ပြင်ဆင် သင့်ကြောင်း တရားစီရင်ရေးမှာလည်း နောက်ကွယ်က နိုင်ငံရေးအရ ထိန်းချုပ်တာမျိုးမပါဘဲ လွတ်လပ်မှုပေးသင့်ကြောင်း A.I အဖွဲ့က ထပ် မံတိုက်တွန်းထားပါတယ်။

## ပြန်လွတ်လာသူနိုင်ငံရေးအကျဉ်းသား ၅၀ မပြည့်သေး

**RFA | မေ ၁၈ ။** ။ ဦးသိန်းစိန်အစိုးရရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိ န့်ကြောင့်ပြန်လွတ်လာတဲ့ အကျဉ်းသားပေါင်း ၁၄၆၀၀ ထဲမှာ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၅၀ မပြည့်ဘူးလို့သိရပါတယ်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းရဲ့ အ တွင်းရေးမှူးကိုတိတ်နိုင်က အခုလိုပြောပါတယ်။

"ကျွန်တော်တို့ ဒီနေ့အထိရတာကတော့ ၄၆ ဦးရှိပါပြီ လွတ်တာ။ ဒီနှစ်ထဲမှာလွတ်ရမဲ့လူတွေချည်းပါပဲ။ ဆိုတော့ နောက်ထပ်လည်း လွတ်မဲ့လူ ၅၀ လောက်ရှိနိုင်ပါသေးတယ်။ ဘာလို့လဲဆိုတော့ သူတို့က ဒီနှစ်ထဲမှာလွတ်ရမဲ့လူတွေ။ လျှော့ရက်ကတော့ နိုင်ငံရေးအကျဉ်းသား ဆိုရင်မရဘူး။ တချို့ကျတော့ ဒီ စစ်ကြောရေးမှာရှိတဲ့ရက်နဲ့ ချုပ်ရက် တွေမရဘူး။ မရတဲ့အခါကျတော့ မလွတ်ဖူးဖြစ်နေတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့စာရင်းမှာတော့ လွတ်မြောက် လာသူ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၄၇ ဦး ရှိတယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၂,၀၆၁ ယောက် ရှိ တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းက ပြုစုထားတဲ့စာရင်းအရ သိရပါတယ်။

# လွတ်ငြိမ်းချမ်းသာခွင့်အရ လွတ်လာသူတွေအနက် နိုင်ငံရေးအကျဉ်းသားနည်းပါး

**BBC ၊ မေ ၁၇ ။** ။ မြန်မာနိုင်ငံသမတသစ်ဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီးကနေ အကျဉ်းသားတွေကို စတင်ပြန်လွှတ်ပေးခဲ့ပါတယ်။

လွှတ်ပေးတဲ့အကျဉ်းသား တသောင်းခွဲလောက်မှာ နိုင်ငံရေးအကျဉ်းသား ၃၀ ကျော်လောက်သာပါဝင်ပါတယ်။ ပြန်လွတ်လာကြသူတွေကတော့ ကိုဇေယျာသော်၊ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး စာရွက်ဖြန့်ဝေလို့အဖမ်းခံခဲ့ရသူ ကိုညီညီအောင်၊ ကိုထွေးသိန်း၊ ဦး မြင့်ထွန်း၊ ဦးဆန္ဒာဓိက၊ ဖဟန်းမြို့နယ်က အောင်ကြီး ခေါ် အောင်အောင်ဦးနဲ့ ဗိုလ်ထွန်း ခေါ် ကျော်ဝင်းထွန်း၊ တွံတေးမြို့က ကိုရဲထွဋ်ခေါင်နဲ့ ကိုမြင့်စိုး၊ စစ်ကိုင်းတိုင်းက ဦးကျော်ဆန်း၊ လှိုင်သာယာက ရန်နိုင်ဦး ခေါ် အက်စစ်၊ သောင်းထိုက်ဦးနဲ့ မမိမိလေး တို့ဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ်က အင်းစိန်ထောင်တွင်းမှာ အူကျရောဂါအပြင်းအထန်ခံစားရပြီး ဆေးကုသခွင့်မရလို့ အစာငတ်ခံဆန္ဒပြခဲ့တဲ့ ခရမ်းမြို့က အရှင်ဆန္ဒာဓိက လည်းပြန်လွတ်လာခဲ့ပါတယ်။ မျိုးဆက်သစ်လူငယ်များအစည်းအရုံးကို ဦးဆောင်ထူထောင်ခဲ့သူ ဟစ်ပ်ဟော့အဆိုတော် ဇေယျာသော်ကတော့ နိုင်ငံရေးအကျဉ်းသားတွေ ထောင်ထဲမှာကျန်နေသေးတဲ့အတွက် ဒီလူတွေလွတ်လာတဲ့အထိ ဆက်ဆောင်းဆိုလှုပ်ရှားသွားဦးမယ်လို့ ပြောလိုက်ပါတယ်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားနှစ်ထောင်ကျော်ရှိနေတဲ့အထဲမှာ ပြန်လွတ်လာတဲ့အရေအတွက် နည်းပါးနေတာကို လူ့အခွင့်အရေးလှုပ်ရှားတဲ့အဖွဲ့အစည်းတွေက ထောက်ပြပြီး ဒါဟာ နိုင်ငံတကာမှာအမြင်ကောင်းအောင်ရည်ရွယ်လုပ်ဆောင်တာသာဖြစ်တယ်လို့ ဝေဖန်ပြောဆိုကြပါတယ်။

ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာကင်တားနားကတော့ နိုင်ငံရေးအကျဉ်းသားတွေ အခုလောက်ဘဲပြန်လွတ်လာတာဟာ မလုံလောက်ဘူး၊ မြန်မာအစိုးရအနေနဲ့ နောက်ထပ်လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်ပြီး နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးဖို့လိုတယ်လို့ ပြောပါတယ်။

အကျဉ်သားတွေအားလုံးကို ထောင်ဒဏ်တနစ်လျှော့ပေါ့ပေးပြီး သေဒဏ်ကျခံနေရသူတွေကို ထောင်ဒဏ် တသက်အဖြစ်ပြောင်းလဲပြစ်ဒဏ်ချမှတ်လိုက်တယ်လို့ သမတဦးသိန်းစိန်ရဲ့အမိန့်နဲ့ မေလ ၁၆ ရက်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့ပြီးတဲ့နောက် အခုလိုစတင်လွှတ်ပေးလိုက်တာပါ။

ဒီအမိန့်ဟာ နှစ်ရှည်လများထောင်ဒဏ်ကျခံနေကြရတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးလိုတဲ့ဆန္ဒမရှိတာ ပြသနေတယ်လို့ နိုင်ငံရေးအကဲခတ်တွေကပြောကြပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ပြန်လွှတ်ပေးဖို့တောင်းဆိုနေတဲ့ ဒီမိုကရေစီမဟာမိတ်ပါတီများအဖွဲ့ဝင် တပါတီဖြစ်တဲ့ ဒီမိုကရက်တစ်ပါတီ မြန်မာရဲ့ဥက္ကဋ္ဌဦးသုဝေကတော့ သူတို့အနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုပြီး အကျဉ်းသားတွေအားလုံးလွတ်မြောက်ရေးကို တောင်းဆိုတာဖြစ်ပေမယ့် တိုက်ပွဲလိုမျိုး ဆန့်ကျင်လှုပ်ရှားမှုတွေကလည်းရှိနေတာကြောင့် အခုလိုရလာဒ်ဖြစ်ပေါ်လာတာလို့ ဘီဘီစီကိုပြောပါတယ်။

AAPP နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း - မြန်မာနိုင်ငံ က အတွင်းရေးမှူး ဦးတိတ်နိုင်က အခုလိုလွတ်ငြိမ်းချမ်းသာခွင့်ဟာ နိုင်ငံတကာရဲ့ဖိအားတွေလျော့ပါးသွားအောင် လုပ်ဆောင်တာသာဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားအများစုကို ဆက်လက်ဖမ်းဆီးထားတဲ့အပေါ် ရှုတ်ချလိုက်ပါတယ်။


Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

၁၉၉၁ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်